# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၂)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# နိုင်ငံအတွက် အားလုံးအတူကြိုးစားပြီး Covid သာမက အခြားကြုံတွေ့ရမယ့် စိန်ခေါ်မှုမှန်သမျှကို ကျော်လွှားနိုင်ကြပါစေဟု သတင်းစကားပါး

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံအတွက် အားလုံးအတူကြိုးစားပြီး Covid သာမက အခြားကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေမှန်သမျှကို ကျော်လွှားနိုင်ကြပါစေဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ခဏခဏ သတိပေးနေပေမဲ့ နားမဝင်ကြသူတွေရှိနေမှာက မထူးဆန်းပါကြောင်း၊ ဒီလိုနားမဝင်သူတွေထဲမှာ မနေ့ကတော့ Covid ရောဂါရှိ လူနာသစ် (၂၃)ဦး တွေ့ရှိခဲ့တယ်ဆိုတဲ့ သတင်းကိုကြားရပြီး တုန်လှုပ်သွားသူတွေလည်း ရှိကောင်းရှိလိမ့်မည်ဖြစ်ပါကြောင်း၊ စိုးရိမ်ကြောင့်ကြတာမဖြစ်ဘဲ အချိန်မီ သင်ခန်းစာယူခွင့်ရတယ်လို့ သဘောထားစေချင်ပါကြောင်း။

မိမိ ရက်အနည်းငယ်က တင်ပြခဲ့သလို Covid ပထမလှိုင်းကို ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းကမ်းများကို ထိန်းသိမ်းထားနိုင်ခြင်းဖြင့် မိမိတို့ကျော်ဖြတ်ခဲ့ပါကြောင်း၊ ပိုကြီးမားတဲ့ အခက်အခဲတွေကို ကျော်လွှားဖို့ ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

ယခုရောဂါရှိ လူနာသစ်များသည် နိုင်ငံရပ်ခြားမှ ပြန်လာပြီး ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် စည်းကမ်းများအရ မနေခဲ့ကြရသူများဖြစ်ပါကြောင်း၊ ဘယ်သူ့ကိုမှ အပြစ်မဖို့ဘဲ မိမိတို့အတွက် သင်ယူနိုင်တဲ့ အခွင့်အရေးလို့ပဲ မှတ်သားစေချင်ပါကြောင်း၊ မိမိတို့ သတိလက်လွတ်မဖြစ်ဖို့ လိုပါကြောင်း၊ စည်းကမ်းမဲ့လို့ မရပါကြောင်း၊ Covid ကို အနိုင်မရသေးပါကြောင်း၊ Covid မိမိတို့ကို အနိုင်မယူနိုင်အောင် ကာစစ်ထိုးနေရဆဲအချိန် ရှိပါသေးကြောင်း။

သင်ယူလွယ်သူတွေ ရှိသလို သင်ရခက်တဲ့သူတွေလည်း ရှိကြတယ်ဆိုတာ ဘဝပေးအသိသင်ခန်းစာဖြစ်ပါကြောင်း၊ မနေ့က မိမိ (၇၅)နှစ် တင်းတင်းပြည့်ခဲ့ပြီဆိုတော့ ဘဝအတွေ့အကြုံတွေက မနည်းတော့ပါကြောင်း၊ ဘယ်သူမဆို ဆန္ဒရှိရင် ကိုယ့်ကိုယ်ကိုယ် ပြုပြင်နိုင်ပါကြောင်း။

မိမိတို့ ပြည်သူတွေဟာ စံတင်လောက်တဲ့ စိတ်ဓာတ်အင်အားပိုင်ဆိုင်သူတွေဖြစ်အောင် စွမ်းဆောင်စေချင်ပါကြောင်း၊ ဒါမိမိရဲ့မွေးနေ့ဆုတောင်းမဟုတ်ဘဲ နေ့စဉ်ဆုတောင်းဖြစ်ပါကြောင်း၊ ဒီဆုတောင်းပြည့်စေဖို့ နည်းအမျိုးမျိုးနဲ့ ကူညီပံ့ပိုးနေသူများရဲ့ အသံတွေကို မွေးနေ့မှာ ကြားခဲ့ရတဲ့အတွက် အားတွေဖြစ်ရပါကြောင်း၊ ကျေးဇူးလည်းတင်ပါကြောင်း၊ ကျေးဇူးတင်ရတဲ့ အကြောင်းတွေပြောရရင် မပြီးနိုင်စတမ်းဖြစ်ပါကြောင်း။

နိုင်ငံအတွက် အားလုံးအတူကြိုးစားပြီး Covid သာမက အခြားကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေမှန်သမျှကို ကျော်လွှားနိုင်ကြပါစေဟု ရေးသားထားသည်။

**"ယခုရောဂါရှိ လူနာသစ်များသည် နိုင်ငံရပ်ခြားမှ ပြန်လာပြီး ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် စည်းကမ်းများအရ မနေခဲ့ကြရသူများဖြစ်၊ ဘယ်သူ့ကိုမှ အပြစ်မဖို့ဘဲ မိမိတို့အတွက် သင်ယူနိုင်တဲ့ အခွင့်အရေးလို့ပဲ မှတ်သားစေချင်၊ မိမိတို့ သတိလက်လွတ်မဖြစ်ဖို့လို၊ စည်းကမ်းမဲ့လို့မရ၊ Covid ကို အနိုင်မရသေး"**

**ကမ္ဘာ့ပဲပုပ်ဈေးကွက်နှင့် မြန်မာ့ပဲပုပ်ကဏ္ဍအတွက် လိုအပ်ချက်များ**

ဆောင်းပါး စာ » ၆

**ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ တစ်သန်းကျော် ရှိလာ**

နိုင်ငံတကာ စာ » ၁၃



## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ နေရပ်ပြန် ပြည်သူများ ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇွန် ၂၀

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၁၉ ရက် ညနေ ၆ နာရီတွင် ၄၅ ဦးနှင့် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် ၄၇ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၉၂ ဦးတို့ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# အပြစ်မဲ့ အများသူငါ ရောဂါ ချောက်ထဲမကျရအောင်

နယ်စပ်ဒေသ တရားမဝင် ဝင်ပေါက်များမှ ခိုးဝင်မှုများရှိနေကြောင်း သတင်းများ ကြားသိရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များ ဖွင့်လှစ်ထားရှိရာ သာမန်အချိန်ကာလများတွင်ပင် အဆိုပါ ဂိတ်များမှ တရားဝင်နယ်စပ်ဖြတ်ကျော်သွားလာမှုများ သည်သာ ဥပဒေနှင့်ညီညွတ်မည်ဖြစ်ပြီး တရားမဝင် နယ်စပ် ဖြတ်ကျော် ကူးသန်းသွားလာသူများမှာမူ နှစ်ဖက်စလုံးတွင် ဥပဒေ နှင့် ငြိစွန်းမည်ဖြစ်သည်။ ယခုအချိန်ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကျရောက်နေသောအချိန်တွင် တရားမဝင် နယ်စပ် ဖြတ်ကျော်ခြင်းက ပို၍ပင် ကြီးလေးသော ဥပဒေချိုးဖောက်မှု ပြုလုပ်ရာ ရောက်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း ကူးစက်မှုနှုန်းမှာ အလွန်နည်းပါးနေသော်လည်း အိမ်နီးချင်းနိုင်ငံ များမှ ဝင်ရောက်လာသူများထံမှ ရောဂါပိုးတွေ့ရှိမှုက များပြားနေ သည်။ ပြီးခဲ့သည့် ဇွန်လ ၁၉ ရက်နေ့က ကိုဗစ်-၁၉ ရောဂါ ခာတ်ခွဲ အတည်ပြုလူနာ ၂၃ ဦးကို တွေ့ရှိခဲ့ရာ တစ်နေ့တည်း အတည်ပြု လူနာတွေ့ရှိမှုအများဆုံးနေ့အဖြစ် စံချိန်တင်သွားခဲ့သည်။ ၎င်း အတည်ပြုလူနာများအနက် ၁၉ ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည် ဝင်ရောက်လာကြသူများဖြစ်ပြီး လေးဦးမှာ မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသူများဖြစ်သည်။ ၎င်းတို့အားလုံးမှာ အသွားအလာ ကန့်သတ်ထားရှိပြီး စောင့်ကြည့်စစ်ဆေးရာမှ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယင်းသို့ တွေ့ရှိလိုက်ခြင်းအားဖြင့် ရောဂါပိုးကူးစက်ခံထားရသူ များကို စောစီးစွာကုသပေးနိုင်မည်ဖြစ်သလို ၎င်းတို့မှတစ်ဆင့် နောက်ထပ်ကူးစက်ခံကြရမည့်သူများစွာတို့ကို ကာကွယ်ပေး လိုက်နိုင်ခြင်းလည်း ဖြစ်သည်။

နိုင်ငံအတွင်း ပြန်လည်ခိုးဝင်ကြခြင်းက လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သလို ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဥပဒေတို့ကို ချိုးဖောက်ရာလည်း ကျရောက်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာကာ ကူးစက် ရောဂါ ပါရှိမလာစေရေးအတွက် အသွားအလာကန့်သတ် စောင့်ကြည့်မှုများကို မခံယူဘဲ ရှောင်ကွင်းသွားခြင်း၊ နေရပ်ဒေသ နှင့် နေအိမ်သို့ ပြန်လည်ဝင်ရောက်သွားခြင်းအားဖြင့် အကယ်၍သာ ခိုးဝင်လာသူတွင် ရောဂါကူးစက်ခံထားရပါက ၎င်း၏ ခရီးစဉ် တစ်လျှောက် တိုက်ရိုက်၊ သွယ်ဝိုက်ထိတွေ့ခဲ့သူများ၊ ၎င်း၏ ကျေးရွာ ရပ်ကွက်အတွင်းမှ ၎င်းနှင့်ထိတွေ့ဆက်ဆံသူများ၊ မိသားစုဝင်များ စသည်တို့ကို ကူးစက်ပျံ့နှံ့သွားမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ခွင်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ ကိုးသန်းခန့် ရှိလာပြီဖြစ်ပြီး သေဆုံးသူမှာလည်း လေးသိန်း ခြောက်သောင်းကျော်ရှိလာပြီဖြစ်သည်။ ဆက်လက် ကူးစက်ပျံ့နှံ့ နေသရွေ့ ကိန်းဂဏန်းများမှာလည်း နေ့စဉ်နှင့်အမျှ ဒီရေတိုးသလို တိုးနေမည်ဖြစ်သည်။ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများမှာ အထက်တွင်ဆိုသကဲ့သို့ အန္တရာယ်ကို သယ်ဆောင်လာသည့် အခြေ အနေမျိုးဖြစ်နိုင်သည့်အတွက် ဝိုင်းဝန်းကာကွယ်တားဆီးပေး ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဇွန် ၁၃ ရက် ဖေ့စ်ဘွတ် စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့အပြင် "တရားမဝင် ဝင်လာသူများ ထိုကဲ့သို့ ဝင်လာခြင်းကို သိလျက်နဲ့ လက်သင့်ခံသူများ၊ ဖုံးကွယ်ထားသူများကို ဥပဒေအရ တင်းကျပ်စွာ အရေးယူမည်ဖြစ်ပါကြောင်း၊ ဒီလို အများအတွက် အန္တရာယ်ရှိတဲ့ လုပ်ရပ်မျိုးအကြောင်းသိလျှင် ရပ်ကျေးအုပ်ချုပ် ရေးမှူးကို အမြန်ဆုံး အသိပေးစေလိုကြောင်း၊ ဒီလို အသိပေးတာ တစ်ပါးသူကို ချောက်တွန်းရာ မရောက်ပါကြောင်း၊ အပြစ်မဲ့အများ သူငါရောဂါချောက်ထဲမကျအောင် ကာကွယ်ပေးတာ ဖြစ်ပါကြောင်း" ရေးသားဖော်ပြခဲ့သည်များကို လိုက်နာဆောင်ရွက်ကြခြင်းအား ဖြင့် ခိုးဝင်လာသူများနှင့်အတူ လိုက်ပါလာကာ လူမသိ သူမသိ ကူးစက်ပျံ့နှံ့ဖွယ်ရှိသည့် ကိုဗစ် ၁၉ ၏ အန္တရာယ်ကို ကာကွယ်နိုင် ကြပါစေကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံ အပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်
Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်
Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရှေ့ဝတီဘဏ်
Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်
Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲများသို့ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ရောဂါကာကွယ်ရေးဝတ်စုံများ ထောက်ပံ့ပေး

မုံရွာ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် သုံးခုနှင့် မြို့နယ်ခွဲလေးခု ဟုမ္မလင်း၊ ခန္တီးမြို့နယ်များသို့ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ပိုးသတ် ဆေးဖျန်းရာတွင် အသုံးပြုနိုင်သည့် ရောဂါကာကွယ်ရေး ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ပိုင်းက မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

နာဂဒေသအတွင်း ဖောင်မြှောင် တောင်ပိုး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရန်နှင့် ပိုးသတ်ဆေး ဖျန်းသူများအား ပိုးသတ်ဆေး အန္တရာယ်ကင်းစွာဖြင့် လုပ်ဆောင် နိုင်ရန် ရောဂါကာကွယ်ရေးဝတ်စုံများ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ် ကြောင်း သိရသည်။

"စိုက်ပျိုးရေးလုပ်ငန်းတွေ အောင် မြင် ဖြစ်ထွန်းဖို့ဆိုရင် ပိုးမွှားရောဂါ ကာကွယ်ရေးကို ဘက်စုံနည်းနဲ့ ကာကွယ်နှိမ်နင်းဖို့ လိုအပ်ပါတယ်။ နာဂဒေသမှာ ဖောင်မြှောင်တောင်ပိုး ကျရောက်မှုကို ထိရောက်စွာကာကွယ် နှိမ်နင်းနိုင်ဖို့ စောင့်ကြည့်စစ်ဆေးတဲ့ ပစ္စည်းတွေ၊ ပိုးသတ်ဆေးတွေကို အန္တရာယ်ကင်းရှင်းစွာနဲ့ ကိုင်တွယ် သုံးစွဲတတ်ဖို့ အသိပညာပေးရင်းနဲ့ ပိုးသတ်ဆေးဖျန်းချိန်မှာ အသုံးပြု နိုင်ဖို့ ရောဂါကာကွယ်ရေးဝတ်စုံ တွေကို ထုတ်ပေးတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပြောသည်။



အခမ်းအနားတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များနှင့် ပန်ဆောင်၊ ဒုံဟီး၊ မိုပိုင်းလွတ်၊ ထန်ပါခွေမြို့နယ်ခွဲများ၊ ဟုမ္မလင်း၊ခန္တီး မြို့နယ်များသို့စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်း ၃၉ ခုနှင့် ပိုးသတ်ဆေးဖျန်း လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံ တို့ကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီးစိုက်ပျိုး ရေးဦးစီးဌာန စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရတနာကုန်သည်များ မှတ်ပုံတင်စာရင်းသွင်းလက်ခံမည့် အဆောက်အဦနှင့်မြေနေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမအနီး ကျောက်စိမ်းဥယျာဉ်ဘေးရှိ မြန်မာ့ကျောက်မျက် ရတနာပြပွဲများသို့ လာရောက်မည့် ရတနာကုန်သည်များနှင့် ဧည့်သည်တော်များကို မှတ်ပုံတင်စာရင်းသွင်းလက်ခံမည့် အဆောက်အဦနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးနှင့် အဆောက်အဦ တာဝန်ယူတည်ဆောက်သည့် အင်ဂျင်နီယာတို့မှ အဆောက်အဦပြီးစီးမှုအခြေအနေ များကို လိုက်လံရှင်းလင်းပြသသည်။** (ယာပုံ)



### သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာဉ်ရပ်နား ကွင်းနေရာနှင့် လုံခြုံရေးအဆောက်အဦများကို လှည့်လည် ကြည့်ရှုပြီး အရိပ်ရအပင်များ စိုက်ပျိုးရန်၊ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိစေရန်နှင့် အဆောက်အဦဘေးဘက်ရှိ ကျောက်စိမ်းဥယျာဉ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက် ထားရှိရန်တို့ကို မှာကြားသည်။

### အမိန့်နှင့် ညွှန်ကြားချက်များလိုက်နာ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိ ပြီး ရတနာပစ္စည်းများ ခင်းကျင်းပြသထားသည့်နေရာ များတွင် လတ်တလောဖြစ်နေသည့် ကိုဗစ်-၁၉ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ရန်အတွက် Social Distancing အကွာအဝေးသတ်မှတ်ချက်နှင့်အညီ အမှတ် အသားများ ထားရှိသွားရန်၊ ပြသသည့်ရတနာခုံများတွင် လက်သန့် ဆေးရည်ဘူးများ ထားရှိရန်၊ ပြသသည့် ဝန်ထမ်း များမှ နှာခေါင်းစည်းများ၊ Face Shied များ၊ တစ်ခါသုံး လက်အိတ်များ ဝတ်ဆင်ထားရှိကြရန်နှင့် အလားတူ မြေညီ ထပ်ရှိ ရတနာဆိုင်ခန်းများတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို စနစ်တကျအလေးထား လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ တောင်ကြီးမြို့ပေါ်ရှိ မသန်စွမ်းသင်တန်းကျောင်း၊ ဘိုးဘွားရိပ်သာ၊ သံဃာ့ဆေးရုံ၊ ပရဟိတကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် သီလရှင်စာသင်တိုက်များသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်း

တောင်ကြီး ဇွန် ၂၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းငွေ၊ ပြည်နယ် စာရင်းစစ်ချုပ် ဒေါ်နန်းဝိုခမ်း၊ ကမ္ဘောဇ




ဘဏ်နာယက ဦးအောင်ကိုဝင်း၊ ရှမ်း ပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိ မသန်စွမ်းသင်တန်းကျောင်း၊ ဘိုးဘွား ရိပ်သာ၊ သံဃာ့ဆေးရုံ၊ ပရဟိတ ကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် သီလရှင်စာသင် တိုက်များသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်းသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ စိန်တောင်ကြားလမ်းရှိ ဆရာမ ဒေါ်သန်းနွယ်အောင် တည်ထောင် ဖွင့်လှစ်ထားသည့် Morning Star ID မသန်စွမ်းသင်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ တို့ကို စားနပ်ရိက္ခာ ထုပ်များနှင့် အလှူငွေကျပ်သိန်း ၄၀ တို့ကိုထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ညောင်ဖြူစခန်း ရပ်ကွက်ရှိ ရှမ်းရိုးမဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုးအဘွား ၂၈ ဦးတို့ အား စားနပ်ရိက္ခာထုပ်များနှင့် အလှူ ငွေကျပ် ၁၀၀၀၀၀ စီတို့ကို ပေးအပ် လှူဒါန်းသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ရောက်ရှိပြီး ဆန် အိတ် ၅၀၊ ဆီ ၁၀ ပုံးနှင့် ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းက ငွေကျပ် သိန်း ၁၀၀တို့ကိုပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်နယ်စားနပ် ရိက္ခာထောက်ပံ့ရေး ကော်မတီ နာယကနှင့် အဖွဲ့သည် အမျိုးသမီး ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ရောက်ရှိ ပြီး စားနပ်ရိက္ခာထုပ်များနှင့် အလှူ ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ သာသနာ့ဝံသီ၊ သီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး ၅၀ တို့အား ဆန်၊ ဆီနှင့် တစ်ပါးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို လည်းကောင်း၊ ကန်ကြီးရပ်ကွက်ရှိ ပဒုမ္မာစာရီပအိုဝ်းသီလရှင် စာသင် တိုက်ရှိ သီလရှင်အပါး ၁၀၀ တို့အား ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ နှင့် အလှူငွေကျပ်သိန်း ၅၀ ကိုလည်း ကောင်း ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်နယ် စားနပ် ရိက္ခာထောက်ပံ့ရေးကော်မတီနာယက နှင့်အဖွဲ့သည် လွယ်လုံပညာဗောဓိ ပရဟိတကျောင်းသို့ ရောက်ရှိပြီး ပရဟိတ ကျောင်းသား ကျောင်းသူ ၁၈၆ ဦးအား စားနပ်ရိက္ခာထုပ်များ နှင့် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြန်/ဆက်)**

### ❑ ရှေ့ဖုံးမှ

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၉၂ ဦးတို့မှာ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၄၈ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး မှ ၁၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုးဦး၊ မကွေး တိုင်းဒေသကြီးမှ ၁၁ ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ၄၅ ဦးနှင့် ရခိုင်ပြည်နယ်မှ ကိုးဦးတို့ ဖြစ်သည်။

### လွှဲပြောင်းပို့ဆောင်ပေးခဲ့

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ် တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၃၀ ရက် မှ ဇွန် ၂၀ ရက်အထိ အမျိုးသား ၆၄၇၄ ဦးနှင့် အမျိုး သမီး ၅၁၃၅ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၁၆၀၉ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## မဘိမ်းမြို့နယ်တွင် ပထမအကြိမ် ဂရန်အင်း / တင်ဒါများရောင်းချပွဲနှင့် ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

မဘိမ်း ဇွန် ၂၀

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမအကြိမ် ဂရန်အင်းနှင့် တင်ဒါ ငါးဖမ်း ကွက်များ ရောင်းချပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ရှမ်းပြည်နယ်လွှတ် တော်ကိုယ်စားလှယ် ဦးမောင်ညို၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်၊ လေလံတင်ရောင်းချရေး ကော်မတီဥက္ကဋ္ဌ လားရှိုးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောလင်းတို့က အမှာစကားပြောကြားပြီး မဘိမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဝင်းက အင်းနှင့် တင်ဒါလုပ်ကိုင် သူများအား စည်းကမ်းချက်များ ပြောကြားသည်။ ပထမ အကြိမ် ဂရန်အင်း/တင်ဒါများ ရောင်းချပွဲတွင် ပြည်နယ် ဘဏ္ဍာ ငွေကျပ် ၇၁ သိန်း ၈ သောင်းရရှိခဲ့ကြောင်း သိရ သည်။



ထို့နောက် ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူးညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်-မဘိမ်း ဆက်စပ်နယ်မြေ အတွင်းရှိ ရွှေလီမြစ်ကြောင်းတစ်လျှောက် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ လာရှိုးခရိုင်နှင့် မဘိမ်းမြို့နယ်တို့မှ ဝန်ထမ်းများ၊ ဒေသခံဂရန်အင်းသူကြီးများ၊ တင်ဒါပိုက်ချက် ရှင်များနှင့်အတူ ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ဖြစ်သော ငါးရစ်၊ ငါးသန် ကာလအတွင်း ငါးမဖမ်းဆီးရေး နှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးရေးလုပ်ငန်းများ မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)၊ သူနာပြုတက္ကသိုလ် (မန္တလေး)နှင့် ဗဟိုဆေးသိုလှောင်ရေးဌာန (မန္တလေး)တို့သို့ သွားရောက်စစ်ဆေး




**မန္တလေး ဇွန် ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)တွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားရောဂါပိုးများ ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

### လိုအပ်ချက်များ တင်ပြ

ထိုသို့တွေ့ဆုံခဲ့ရာတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေဝင့်ဝါက ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)ကို ၁၉၆၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တီဘီ၊ ခုခံအားကျဆင်းမှုကူးစက် (HIV/AIDS)၊ ဂျပန်ဦးနှောက်အမြေးရောင်၊ ဝက်သက်၊ ဂျိုက်သိုး၊ အသည်းရောင် အသားဝါ(စီ) ရောဂါပိုးများအား ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်လျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု ဝက်သက်ရောဂါ ဓာတ်ခွဲခန်းအဖြစ် ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့မှ စတင်၍ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကိုပါ ပြုလုပ်ခဲ့မှု၊ ထိုသို့ ကိုဗစ်-၁၉ ဓာတ်ခွဲ စစ်ဆေးမှုများတွင် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီနှင့် အလှူရှင်များက ဓာတ်ခွဲစက်ပစ္စည်းကိရိယာများ အပါအဝင် ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့မှု၊ ဓာတ်ခွဲစစ်ဆေးနေမှု အခြေအနေများ၊ ဝန်ထမ်းအင်အား အခြေအနေများ၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးရန် ဓာတ်ခွဲဓာတ်ကူပစ္စည်း လက်ကျန်စာရင်းနှင့် လိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)တွင် လက်ရှိ၌ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်း(မြောက်)ပြည်နယ်တို့မှ ကိုဗစ်-၁၉ ဓာတ်ခွဲနမူနာများကို စစ်ဆေးပေးလျက်ရှိမှု၊ ဆက်လက်၍ ကချင်နှင့် ချင်းပြည်နယ်များမှ ဓာတ်ခွဲနမူနာများကိုပါ တိုးချဲ့စစ်ဆေးသွားရန် စီစဉ်နေမှု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး)တွင်လည်း ဝေအောင်ကမ္ဘာ ကျောက်မျက်ကုမ္ပဏီလီမိတက်မှ လှူဒါန်းပံ့ပိုးမှုများဖြင့် လာမည့်ဇူလိုင်လ အစောပိုင်းမှ စတင်၍ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေရှာဖွေရေးကော်မတီမှ ဦးကျော်ကျော်ဝင်းက မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ရှာဖွေရေးကော်မတီမှ ကျပ်သိန်း ၈၀၀၀ ခန့် အကုန်အကျခံ တည်ဆောက်လှူဒါန်းမည့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) နှစ်ထပ်အဆောက်အဦသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများအပါအဝင် ဓာတ်ခွဲစစ်ဆေးမှု လုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံး တစ်ယောက်မကျန်ကို ကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းပံ့ပိုးပေးသည့် အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဓာတ်ခွဲခန်းများ အဆင့်မြင့်မားလာခြင်းဖြင့် ယခု ကိုဗစ်-၁၉ ရောဂါအတွက်သာမက အခြားပြည်သူ့ကျန်းမာရေးပြဿနာများ ဖြစ်ပွားစေသည့် ရောဂါအမျိုးမျိုးကို ပိုမိုစစ်ဆေးလာနိုင်ကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊အလားတူ ပိုမိုမှန်ကန်တိကျသော ဓာတ်ခွဲစစ်ဆေးမှုများဖြင့် ကုသရေးလုပ်ငန်းများအားလည်း များစွာအထောက်အကူပြုသွားနိုင်မည်ဖြစ်သဖြင့် ရေရှည်တွင် အကျိုးရှိပါကြောင်း၊ ဓာတ်ခွဲပညာရှင်များ၏ အရည်အသွေးများ ဘက်စုံပိုမိုမြင့်မားလာစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ၊ မွမ်းမံသင်တန်းများ၊ ဓာတ်ခွဲနှင့် သက်ဆိုင်သည့် သုတေသနများကို ယခုထက် ပိုမိုပြုလုပ်စေလိုပါကြောင်း၊ သုတေသနအတွက် ဝန်ကြီးဌာန၏ ရန်ပုံငွေများလည်း ရှိပါကြောင်း ပြောကြားခဲ့ကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) နှစ်ထပ်အဆောက်အဦသစ် ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုသည်။

### တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာတင်ထွန်း၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့် နှင့် တာဝန်ရှိသူများ လိုက်ပါလျက် သူနာပြုတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ခဲ့ပြီး ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သူနာပြုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်ဝင်းစိန်က သူနာပြုတက္ကသိုလ်(မန္တလေး) ၏ နောက်ခံသမိုင်းအကျဉ်း၊ ဝန်ထမ်းအင်အား၊ စာသင်ဆောင်များ၊ သင်တန်းသူ သင်တန်းသားအဆောင်များ၊ စာကြည့်တိုက်နှင့် အဆောက်အဦပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ သင်ကြားသင်ယူမှု လုပ်ငန်းများဆောင်ရွက်နေမှု၊ ဌာနများဖွဲ့စည်းပုံနှင့် ဌာနသစ်များ တိုးချဲ့ဆောင်ရွက်ရန် တင်ပြမှု၊ သူနာပြုဒီပလိုမာ အမျိုးအစား (၈) မျိုးကို သင်ကြားမွေးထုတ်ပေးနေမှု၊ သူနာပြုဒီပလိုမာအသစ် (၂) မျိုး ထပ်မံတိုးချဲ့ သင်ကြားရန် အစီအစဉ်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှုဘုတ်အဖွဲ့(IRB)ကို ၂၀၁၇ ခုနှစ်မှစ၍ ဖွဲ့စည်းဆောင်ရွက်နေမှု၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်သင်ကြားပါက ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### သားဖွားကဏ္ဍ ပိုမိုမြှင့်တင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများအနေဖြင့် တက္ကသိုလ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆရာ၊ ဆရာမများအားလုံး တစ်ယောက်မကျန်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများတွင် အဆင့်မြင့်ပညာသင်ကြားသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုတွင် သင်ကြားနေရသည်ဟူသော စိတ်ဓာတ်များ ကိန်းဝပ်နေစေရန်၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသာမက ကျင့်ဝတ်များ ညီညွတ်လိုက်နာသည့် သူနာပြုများ ထွက်ပေါ်လာရေး ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းများတွင် သူနာပြုနှင့် သားဖွားကဏ္ဍ ပိုမိုမြှင့်မားရေးသည် ဦးစားပေးပါဝင်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းကာ ကမ္ဘာ့အဆင့်မီရေးဆွဲခဲ့သည့် သင်ရိုးညွှန်းတမ်းကို လက်ရှိတွင် သူနာပြုတက္ကသိုလ်များတွင် အသုံးပြုသင်ကြားလျက်ရှိရာ အဆိုပါ သင်ရိုးညွှန်းတမ်းများကို လိုအပ်ပါက မွမ်းမံ၍ မိမိတို့နိုင်ငံ၏ လက်တွေ့သူနာပြုလုပ်ငန်းများတွင် အသုံးဝင်သည့် အခန်းကဏ္ဍများကို ပိုမိုထည့်သွင်း သင်ကြားလေ့ကျင့်စေလိုပါကြောင်း။

### ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်

ဝန်ကြီးဌာနအနေဖြင့် သုတေသနရန်ပုံငွေများကိုလည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျပ်သန်း ၆၀၀၀ ခွဲဝေချထားပေးခဲ့ပြီး လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက်လည်း ကျပ်သန်း ၃၀၀၀ လျာထားပါကြောင်း၊ တက္ကသိုလ်တွင် ဆရာ၊ ဆရာမများက သင်တန်းသူ သင်တန်းသားများ ပါဝင်ဆောင်ရွက်သည့် အသုံးချသုတေသနများကို ပိုမိုပြုလုပ်စေလိုပါကြောင်း၊ သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာနတွင် ပြုလုပ်သည့် သုတေသန စွမ်းဆောင်ရည်မြှင့်သင်တန်းများကိုလည်း သူနာပြုတက္ကသိုလ်မှ ဆရာ၊ ဆရာမများ ပိုမိုတက်ရောက်စေလိုပါကြောင်း၊ တက္ကသိုလ်တွင် သင်ကြားသင်ယူမှုနည်းစနစ်များ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်စေလိုပြီး နေ့လယ်စာစားချိန် ဟောပြောပို့ချမှုများ ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာနမှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအတွက် ဘဏ္ဍာငွေသိသာစွာ ပိုမိုခွဲဝေချထားမည် ဖြစ်သည့်အတွက် တက္ကသိုလ်များတွင် သင်ကြား၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင် သုတေသနဆိုင်ရာဌာန၊ သူနာပြုပညာသင်ကြားမှုဌာန အပါအဝင် ဌာနသစ်များ ဖွဲ့စည်းဆောင်ရွက်မည်မှာ ကောင်းမွန်ပါကြောင်း၊ဆီးချို၊ သွေးချိုရောဂါနှင့် သက်ကြီးရွယ်အိုသူနာပြုစုစောင့်ရှောက်မှုဆိုင်ရာ အထူးပြုသူနာပြုဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်မည်မှာ ကောင်းမွန်ပါကြောင်း၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ တာဝန်ရှိသူများအနေဖြင့် Video Conferencing စနစ်ဖြင့် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်ကြစေလိုပါကြောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ယခုထက် ပိုမိုအသုံးချ၍ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ဒေါက်တာတင်ထွန်း၊ ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ဌေးဌေးလှိုင်တို့က သူနာပြုတက္ကသိုလ် (မန္တလေး) ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပြီး သူနာပြုတက္ကသိုလ် (မန္တလေး) မှ ဆရာ၊ ဆရာမများက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဗဟိုဆေးသိုလှောင်ရေးဌာန (မန္တလေး)သို့ သွားရောက်၍ ဆေးသိုလှောင်ရုံများ၌ ဆေးနှင့်ဆေးပစ္စည်းများ ထားသိုထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ထိုသို့သွားရောက်ရာတွင် ပြည်ထောင်စုဝန်ကြီးက ဆေးနှင့် ဆေးပစ္စည်းများကို စနစ်တကျ သိုလှောင်ထိန်းသိမ်းခြင်း၊ ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် စီစဉ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ် အသိပညာပေးဆောင်ရွက်

**ကျိုက်ထို ဇွန် ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဇွန်လ ပထမပတ်မှစတင်ကာ မြို့တွင်းရှိလူအများသွားလာနေသည့်နေရာများ၌ ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် မေလ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်တွင် ထပ်မံထည့်သွင်းထားသည့် စည်းကမ်းချက်အသစ်အချို့ ပါဝင်လာသောကြောင့် ပြည်သူများသိရှိရန် အသိပညာပေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ကျိုက်ထို)မှ ရဲအုပ်ဇေယျာလတ်က ပြောသည်။

ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်များ မောင်းနှင်ရာ၌ နောက်ကြည့်မှန်၊ အိတ်ဇောအသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်းမပြုရန်၊ ရှေ့မီးအနိမ့်ကို နေ့ညဖွင့်၍ မောင်းနှင်ရန်၊ သတ်မှတ်စံနှုန်းများအတိုင်း မောင်းနှင်ရန်၊ ဆိုင်ကယ်စီးဦးထုပ် အသုံးပြုခြင်း၊ မေးသိုင်းကြိုးတပ်ခြင်း အစရှိသည့် ဥပဒေသစ်အရ လိုက်နာရမည့် တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ပြည်သူများသိရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သို့ Airbus လေယာဉ်အသစ်တစ်စင်း ထပ်မံရောက်ရှိ

**ရန်ကုန် ဇွန် ၂၀**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က Fleet Extension အစီအစဉ်အရ မှာယူထားသည့် Airbus A319-112, MSN2446, XY-ALN လေယာဉ်အသစ် **(ယာပုံ)** သည် ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

အဆိုပါ လေယာဉ်အသစ်သည် ယခုနှစ် ဧပြီလဆန်းကတည်းက ရောက်ရှိရန် စီစဉ်ထားသော်လည်း ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတကာရှိ အချို့သောလေယာဉ်ကွင်းများ ပိတ်နားခဲ့ရသဖြင့် ရောက်ရှိရန် ကြန့်ကြာခဲ့ရပြီး ယခုအခါ ကမ္ဘာ့နိုင်ငံများ၏ ဖြေလျှော့မှုများကြောင့် နိုင်ငံတကာမှ လေယာဉ်ကွင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) က မှာယူထားသော Airbus A319-112, MSN2446, XY-ALN လေယာဉ်အသစ်သည် ယခုမှသာ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်သည်။



MAI လေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် အင်အားအကြီးဆုံး လေကြောင်းလိုင်းအဖြစ် ရပ်တည်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်ကာ ဒေသတွင်းရှိ နိုင်ငံများ၏လေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ကာ ပျံသန်းပြေးဆွဲနိုင်ရန်အတွက် လေယာဉ်အသစ်များကို ထပ်မံမှာယူထားရာ Embraer-E 190 လေယာဉ်လေးစင်းသည် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာတွင် တစ်လလျှင် တစ်စီးနှုန်းဖြင့် ရောက်ရှိလာမည်ဖြစ်သလို ဩစတြေးလျနိုင်ငံ ဆစ်ဒနီနှင့် ယူအေအီးနိုင်ငံ ဒူဘိုင်းလေဆိပ်များအထိ တိုက်ရိုက်ပျံသန်းပြေးဆွဲနိုင်မည့် Airbus A320 လေယာဉ်အသစ် သုံးစင်းမှာလည်း မကြာမီထပ်မံရောက်ရှိလာမည် ဖြစ်သည်။ ထို့ပြင် ၂၀၂၁ ခုနှစ်တွင် ဘရာဇီးနိုင်ငံထုတ် Embraer လေယာဉ်အသစ်လေးစင်းကိုလည်း ထပ်မံမှာယူထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ လေယာဉ်များ ထပ်မံရောက်ရှိလာပါက အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် Airbus ရှစ်စင်း၊ Embraer ရှစ်စင်းနှင့်အတူ MAI နှင့် အကျိုးတူပူးပေါင်း ပျံသန်းပြေးဆွဲနေသော Air KBZ မှ ATR 72-600 ရှစ်စင်းအပါအဝင် စုစုပေါင်း ၂၄ စင်းဖြင့် မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံသားများ အားထားရမည့် အဓိကလေကြောင်းလိုင်းအဖြစ် ဒေသတွင်းရှိ အခြားနိုင်ငံလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

MAI လေကြောင်းလိုင်းသည် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် အမေရိကန်ဒေါ်လာ ၅၄ သန်းခန့် နစ်နာဆုံးရှုံးခဲ့သော်လည်း ပြည်ပနိုင်ငံများတွင် ပိတ်မိနေသည့် မြန်မာနိုင်ငံသားများအတွက် Relief Flight များကို အချို့ခရီးစဉ်များတွင် အခမဲ့ခေါ်ဆောင်ပေးခြင်း၊ အချို့ခရီးစဉ်များတွင် လေယာဉ်ဆီဖိုးနှင့် Airport Tax ကိုသာ လျှော့ပေါ့ကောက်ခံ ပျံသန်းပြေးဆွဲပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ကပ်ရောဂါအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အသုံးပြုရန် ကိုရီးယား၊ ထိုင်း၊ မလေးရှားနှင့် အခြားနိုင်ငံများမှ ပေးပို့လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများ၊ PPE ပစ္စည်းများ၊ ရောဂါရှာဖွေစမ်းသပ်သည့် Test-Kit များကိုလည်း အခမဲ့ သယ်ဆောင်ပျံသန်းပေးလျက်ရှိသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာမှု အများဆုံးကြုံတွေ့ရသည့် စီးပွားရေးလုပ်ငန်းများအနက် နိုင်ငံတကာသို့ ပျံသန်းပြေးဆွဲနေသော MNA လေကြောင်းလိုင်းနှင့် MAI လေကြောင်းလိုင်းတို့မှာ ထိခိုက်နစ်နာမှု အများဆုံးဖြစ်သည့်အတွက် နိုင်ငံတော်မှ ထောက်ပံ့ချေးငွေများ ချထားပေးနေရာ MNA လေကြောင်းလိုင်းမှာ ချေးငွေဒေါ်လာ ၂၄ သန်းရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ နန်းယွန်းမြို့နှင့် လပွတ္တာမြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ဗားရဲတွင် ၁ ဒသမ ၇၇ လက်မ၊ လှည်းကူးမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၃၇ လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ဖားကန့်၌ မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာပေါင်း ၃၀ ကို လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ပြီ

**ဖားကန့် ဇွန် ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့ နမ္မဖြစ်ကျေးရွာရှိ လျှပ်စစ်ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာပေါင်း ၃၀ ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးလျက်ရှိသည့် 66/11 KV, 10 MVA အမျိုးအစား မီးအားမြှင့်စက် (Main Transformer) ၏ နေရာတွင် 66/11 KV, 20 MVA အမျိုးအစား မီးအားမြှင့်စက် (Main Transformer) ကို ဇွန် ၁၅ ရက်က ပြောင်းလဲတပ်ဆင်ပြီးဖြစ်၍ **(အောက်ပုံ)** အဆိုပါရပ်ကွက်/ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ကျော်မိုးထံက သိရသည်။

ယခင်က ရပ်ကွက်၊ ကျေးရွာများအလိုက် လျှပ်စစ်ဓာတ်အား အလှည့်ကျခွဲဝေပေးရခြင်း၊ မီးအားလျော့နည်းခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း လက်ရှိအချိန်တွင် 66/11 KV, 20 MVA အမျိုးအစား မီးအားမြှင့်စက်မှတစ်ဆင့် ဓာတ်အားထပ်ဆင့် ခွဲဝေပေးသည့် 200 KVA မီးအားမြှင့်စက်အသေး (Transformer) အလုံးပေါင်း ၁၀၂ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသည့်အတွက် ဓာတ်အားလုံလောက်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဘဇံချောက်၊ နတ်မှော်၊ မော်ဝမ်းကြီး၊ မော်ဝမ်းလေးကျေးရွာများနှင့် ဆိပ်မူကျေးရွာရှိ ဆိုင်းအောင်နှင့် မှော်ရှန်ရပ်ကွက်များတွင်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ရရှိရန်ကျန်နေသေးသည့် ကျေးရွာများအတွက် "ကျွန်တော်တို့ တစ်မြို့နယ်လုံး အတိုင်းအတာနဲ့ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးရဖို့ကျန်နေတဲ့ ဟောင်ပါးအုပ်စုကျေးရွာတွေအတွက် ဓာတ်အားခွဲရုံဆောက်ဖို့ မြေနေရာလိုအပ်ပါတယ်။ မြေနေရာရရင်တော့ 66/11 KV, 10 MVA အမျိုးအစား မီးအားမြှင့်စက် (Main Transformer) တစ်လုံး ထားပါမယ်။ အဲဒါဆိုရင်တော့ ကျန်တဲ့ရွာအားလုံး လျှပ်စစ်မီးထပ်ရမှာပါ" ဟု ဦးအောင်ကျော်ကျော်မိုးက ပြောသည်။



ဟောင်ပါးကျေးရွာအုပ်စုရှိကျေးရွာများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဇွန် ၁၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှိလဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ပါဝင်သောအဖွဲ့သည် လျှပ်စစ်ဓာတ်အားခွဲရုံထားရှိရန် သင့်တော်မည့်မြေနေရာကို ကွင်းဆင်းလိုက်လံကြည့်ရှုခဲ့ကြရာ အဆိုပါကျေးရွာအုပ်စုအတွင်းမှ စကားဝါမှော်ရှိ မြေနေရာကို လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန် ကနဦး သတ်မှတ်ထားကြပြီး ခွဲရုံတည်ဆောက်ဖြစ်ပါက ဖားကန့်မြို့နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မီးလင်းမည် ဖြစ်သည်။

**တာလင်းမောင်**
**(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇွန် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန် ၂၀ ရက် (စနေနေ့)တွင် ထုတ်ဝေသည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါး၏ အားနည်းချက်ကို အနိုင်ယူတတ်သော အမူအကျင့်ကို ပြင်တော့မည်ဖြစ်ကြောင်းရေးဖွဲ့ထားသည့် "ဖူးလေးရဲ့ နောင်တ" မျက်နှာဖုံးကာတွန်း၊ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မည်ကဲ့သို့ ပြုမူနေထိုင်သင့်ပုံ အကြောင်းကို ကလေးများ လိုက်နာချင်စဖွယ် သရုပ်ဖော်ရေးဖွဲ့ထားသည့် "COVID-19 ကာကွယ်ရေး" တစ်မျက်နှာကာတွန်း၊ အမြဲတမ်းလိုလို တလွဲပြောတတ်လွန်းသော ကိုရိုးအကြောင်းကို ရေးဖွဲ့ထားသည့် "သဲတွေဖြစ်နေပြီ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားကာ ပေါင်းသင်းဆက်ဆံပေးပါက မိမိတွင်လည်း ကောင်းကျိုးရှိနိုင်ပုံအကြောင်းကို ရေးသားထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေး အင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကျန်းမာရေးအသိပေးချက်ကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




❒ *ကျောဖုံးမှ*

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လန်ဒန်မြို့၌ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားစုစုပေါင်း ၂၅၀ ခန့်အားလည်း သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများနှင့် မြန်မာသံရုံး လန်ဒန်မြို့တို့ ပူးပေါင်းစီစဉ်လျက် Qatar Airways ကယ်ဆယ်ရေးလေယာဉ်ဖြင့် ထပ်မံပို့ဆောင်သွားမည်ဖြစ်ရာ ဇွန် ၂၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့ပဲပုပ်ဈေးကွက်နှင့် မြန်မာ့ပဲပုပ်ကဏ္ဍအတွက် လိုအပ်ချက်များ

မောင်မောင် (MOC)

**ပဲပုပ်ဆိုသည်နှင့် မြန်မာတို့သည် ပဲပိစပ်နှင့် လွဲမှားလေ့ ရှိတတ်ကြသည်။ စင်စစ်တွင် ပဲပုပ်သည် ပဲပိစပ်မဟုတ်ချေ။ အချို့သောထုတ်ကုန်များတွင် ပဲပုပ်နှင့်ပဲပိစပ်ကို မှားယွင်းစွာသုံးနှုန်း၍ ရိုက်နှိပ်ဖော်ပြသည်များလည်းရှိသည်။ အထူးသဖြင့် ပဲပုပ်ဆီထုတ်လုပ်မှုတွင် အချို့သော အမှတ်တံဆိပ်များသည် ပဲပိစပ်ဆီဟူ၍ မှားယွင်းစွာဖော်ပြမှုများ ရှိသည်ကို စိတ်မကောင်းစွာ တွေ့ရှိရပေသည်။ ပဲပုပ်နှင့်ပဲပိစပ်တွင် ဆီကြိတ်လို့ရသည်မှာ Soybean ခေါ် ပဲပုပ်သီးနှံသာဖြစ်သည်။ ပဲပိစပ်ခေါ် Horse Gram သည် ဆီကြိတ်၍မရ၊ ဆီမထွက်နိုင်ပေ။ အညာဒေသထွက် ပုန်းရည်ကြီးသည်သာလျှင် ပဲပိစပ်မှထုတ်သော ထုတ်ကုန်စစ်ဖြစ်လေသည်။**

ဆီပါဝင်မှုနှင့်ပရိုတင်းဓာတ်ကြွယ်ဝသော ပဲပုပ်သည် လူသားများအတွက် ဘုရားပေးသော ဆုလာဘ်အလား ထင်မှတ်စရာရှိပေသည်။ ပဲပုပ်သည် ပရိုတင်းဓာတ်ကြွယ်ဝသောကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချကြပြီး သီးနှံအတွင်း ဆီပါဝင်မှုကြောင့် ပဲပုပ်ဆီကိုလည်းထုတ်လုပ်ကြပါသည်။ ပဲပုပ်ဆီသည် လူ့ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ကျန်းမာရေးသုတေသီများ၏ လေ့လာမှုအရ သိရှိရပါသည်။ သို့ရာတွင် သဘာဝပဲပုပ်ဆီသည် သိုလှောင်ထိန်းသိမ်းမှု စနစ်မကျပါက တာရှည်ခံရန် မလွယ်ကူပေ။ အာရှသည်ပဲပုပ်စားသုံးမှု အမြင့်မားဆုံးဒေသဖြစ်ပြီး ပဲနို့ကဲ့သို့သော အာဟာရဖြည့်စားသောက်ကုန်များအပြင် ဟင်းလျာများအတွက်ပါ ဖြည့်စွက်စာအဖြစ် အသုံးပြုမှုများလည်းရှိသည်။

ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ခဲ့လေသည်။ တရုတ်သံမဏိများကို အမေရိကန်၏ အခွန်နှုန်းထား တိုးမြှင့်မှုကို တန်ပြန်တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံကလည်း ၂၀၁၈ နိုဝင်ဘာလအစောပိုင်းတွင် အမေရိကန်၏ ပဲပုပ်တင်သွင်းမှုအပေါ် ကန့်သတ်မှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း ပြည်တွင်းဈေးကွက်တည်ငြိမ်မှုကို ထိန်းချုပ်ရန်အခက်အခဲတချို့ရှိလာခဲ့ပြီး သီးနှံသိုလှောင်ရုံများ အဆင်သင့်မဖြစ်မှုက တရုတ်ကို ပြန်လည်အထိနာစေခဲ့သည်။ တရုတ်နိုင်ငံသည် ပဲပုပ်လိုအပ်ချက်အတွက် ဘရာဇီးနိုင်ငံမှလည်း တင်သွင်းလျက်ရှိပေသည်။ သို့ရာတွင် ဘရာဇီးသည် ပင်လယ်ရေကြောင်း ထွက်ပေါက်အနေဖြင့် တောင်အတ္တလန္တိတ်သမုဒ္ဒရာကိုသာအားထားရပြီး တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတန်ချိန်များစွာ တင်ပို့ရန်အတွက်အဓိကလမ်းနှစ်သွယ်ရှိရာ ပထမတစ်လမ်းမှာ ပနားမားတူးမြောင်းကို

## စိုက်ပျိုးထုတ်လုပ်ရေး အပိုင်း

မြန်မာ့ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ပဲပုပ် စိုက်ပျိုးမြေကေများ နှစ်စဉ်လျော့နည်းလာခြင်းပင်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ကောက်ယူရရှိသောစာရင်းများအရ နှစ်စဉ်ပဲပုပ်စိုက်ပျိုးမြေဧရိယာမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | နှစ် | စိုက်ဧက | ခြားနားချက်ဧက |
|---|---|---|---|
| ၁။ | ၂၀၁၃–၁၄ | ၃၈၃,၃၀၀ | |
| ၂။ | ၂၀၁၄–၁၅ | ၃၇၉,၅၃၆ | –၃,၇၆၄ |
| ၃။ | ၂၀၁၅–၁၆ | ၃၆၇,၁၉၈ | –၁၂,၃၃၈ |
| ၄။ | ၂၀၁၆–၁၇ | ၃၅၃,၈၀၅ | –၁၃,၃၉၃ |
| ၅။ | ၂၀၁၇–၁၈ | ၃၄၅,၄၄၈ | –၈,၃၅၇ |
| ၆။ | ၂၀၁၈–၁၉ | ၃၄၃,၈၄၅ | –၁,၆၀၃ |





မက်ထရစ်တန် ၃၅၈ သန်းခန့်ရှိခဲ့လေသည်။ အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၉ခုနှစ်အတွင်း ပဲပုပ်ထုတ်လုပ်မှု မက်ထရစ်တန် ၉၆ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ထက် မက်ထရစ်တန် သန်း၂၀ခန့်လျော့နည်းထွက်ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဘရာဇီးနိုင်ငံသည် မက်ထရစ်တန် ၁၂၃ သန်းအထိထုတ်လုပ်နိုင်ခဲ့ပြီး ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ၎င်းတို့၏နောက်တွင် အာဂျင်တီးနား၊ တရုတ်၊ အိန္ဒိယ၊ ပါရာဂွေး၊ ကနေဒါ၊ မက္ကဆီကိုနှင့် ဥရောပနိုင်ငံအချို့တို့သည် ပဲပုပ်ထုတ်လုပ်မှု အများဆုံးနိုင်ငံများစာရင်းတွင်ပါဝင်သည်။ သို့ရာတွင် ပဲပုပ်ထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံတစ်နိုင်ငံတည်းက သုံးစွဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရပေသည်။ တရုတ်နိုင်ငံသည် ပဲပုပ်ထုတ်လုပ်မှု မက်ထရစ်တန် ၁၂ သန်းခန့်ရှိသော်ငြားလည်း ပဲပုပ်သုံးစွဲမှုမှာ နှစ်စဉ် မက်ထရစ်တန်သန်း ၁၀၀ ကျော်ရှိနေပေသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် နှစ်စဉ်ပျမ်းမျှပဲပုပ်တန်ချိန် မက်ထရစ်တန် ၈၈ သန်းခန့်ကို ပြည်ပမှတင်သွင်းလျက်ရှိပြီး အမေရိကန်နှင့် ဘရာဇီးပဲပုပ်တို့၏ ဈေးကွက်ကြီးဖြစ်နေတော့သည်။

## ပဲပုပ်စားသောက်ကုန်များ

တရုတ်နိုင်ငံ၏စားသောက်ကုန်များတွင် အရသာဖြည့်စွက်စာအဖြစ် ပဲပုပ်ထုတ်ကုန်များကို အသုံးပြုလျက်ရှိကြရာ ပဲပုပ်မှပြုလုပ်သော ပဲငါးပိ၊ ပဲငံပြာရည်၊ ပဲပုပ်ဆီ၊ ပဲနို့၊ ပဲနို့မှုန့် စသည့်ထုတ်ကုန်များကို စားသောက်မှုအလေ့အထများစွာတွေ့ရပေသည်။ ထို့အပြင် ပဲပုပ်ဆီကြိတ်ရာမှ ထွက်ရှိသော ပဲပုပ်ဆီကြိတ်ဖတ်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်လျက်ရှိပါသည်။ အထူးသဖြင့် ပဲပုပ်ကြိတ်ဖတ်ဖြင့်ပြုလုပ်သော အသားတုများနှင့်မုန့်အမျိုးမျိုးတို့သည်ဘာသာရေးဆိုင်ရာအယုံအကြည်ရှိသည့် သက်သတ်လွတ်သမားများနှင့် ကလေးသူငယ်များ၊ စားသောက်ဆိုင်များတွင် ရေပန်းစားလျက်ရှိပါသည်။

ထို့ကြောင့်တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ်ပဲပုပ်လိုအပ်ချက် မြင့်တက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် မက်ထရစ်တန်ချိန် သန်း ၁၂၀ ခန့်လိုအပ်လာမည့် အလားအလာမြင်တွေ့ရပေသည်။ အဆိုပါပဲပုပ်လိုအပ်ချက်သည် ၂၀၁၈ ခုနှစ်က စတင်ဖြစ်ပွားခဲ့သည့် ကုန်သွယ်ရေးစစ်ပွဲအတွင်း တရုတ်ကိုအထိနာစေသည့် အဓိကအချက်တစ်ချက်ဖြစ်တ်၍ ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းမှ ပို့ဆောင်သောလမ်းဖြစ်ပြီး ဒုတိယလမ်းမှာ အာဖရိကတိုက်ကိုပတ်၍ အိန္ဒိယသမုဒ္ဒရာနှင့် တောင်ပစိဖိတ်လမ်းမှ ပို့ဆောင်သောလမ်းဖြစ်ပေသည်။ တရုတ်နိုင်ငံအတွက် ပနားမားတူးမြောင်းမှ ကုန်စည်များပို့ဆောင်ခြင်းသည် ပိုမိုလွယ်ကူသော လမ်းဖြစ်သော်လည်း ရေရှည်တွင်ဒေသတွင်း ဩဇာလွှမ်းမိုးချုပ်ကိုင်နိုင်သော အမေရိကန်၏ အရိပ်အကဲကို များစွာ ဂရုပြုရမည်ဖြစ်ပေသည်။ ထို့အတွက် တရုတ်အနေဖြင့် ဘရာဇီးအရှေ့ဘက်ကမ်းခြေနှင့် ပီရူးအနောက်ဘက် ကမ်းခြေအထိ မိုင်ပေါင်း ၃၀၀၀ ကျော်ကို ရထားလမ်းဖောက်ရန်ကြံရွယ်ထားပြီး ဘရာဇီးနှင့်ပီရူးတို့ကလည်း အဆိုပါစီမံကိန်းကိုလက်ခံဖွယ်ရှိသည်။ သို့ရာတွင် အဆိုပါမိုင်ပေါင်း ၃၀၀၀ ကျော်၏ ၇၀ရာခိုင်နှုန်းခန့်မှာ အမေဇုန်မိုးသစ်တောဒေသဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်ဆက်စပ်ပြီး အမေရိကန်၏ ဖိအားပေးမှုကို ရင်ဆိုင်ရဖွယ်ရှိသည်။ တရုတ်နိုင်ငံ၏ နှစ်စဉ်ပဲပုပ်တင်သွင်းမှု ၆၀ ရာခိုင်နှုန်းခန့်ကို ဘရာဇီးနှင့် အာဂျင်တီးနားတို့ အပါအဝင် တောင်အမေရိကနိုင်ငံများမှ ပေးစွမ်းနိုင်ခြေရှိသည်။ ကျန် ၄၀ ရာခိုင်နှုန်းအတွက် အလားအလာရှိသော နိုင်ငံများမှာ အရှေ့ဥရောပ၊ အာဖရိကနှင့် တောင်အာရှနိုင်ငံများ ဖြစ်နိုင်ဖွယ်ရှိကြောင်း ဟူနန်စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များက သုံးသပ်ကြပေသည်။

ထိုသို့ကြီးမားသော ပဲပုပ်ဈေးကွက်တည်ရှိနေသည့် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်က တစ်ကြောင်း ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်က တစ်ကြောင်းကြောင့် ကမ္ဘာ့ပဲပုပ်ဈေးကွက်၏ ကုန်သွယ်ရေးဇာတ်ခုံပေါ်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လာနိုင်ဖွယ်ရှိပေသည်။ ထို့အတွက်မြန်မာ့ပဲပုပ်ထုတ်ကုန်များအပေါ် လက်တွေ့ကျကျ သုံးသပ်ပြင်ဆင်မှုများ လုပ်ဆောင်ထားရန်လိုအပ်ပေသည်။ မြန်မာ့ပဲပုပ်ကဏ္ဍအတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကို စိုက်ပျိုးထုတ်လုပ်ရေးအပိုင်း (Cultivation)၊ ကုန်ချောထုတ်လုပ်ရေး အပိုင်း(Industrial Processing) နှင့် အရည်အသွေးကဏ္ဍဟူ၍ ခွဲခြားနိုင်ပါသည်။

ထို့ကြောင့် ငါးနှစ်တာကာလအတွင်း ပဲပုပ်စိုက်ဧကလေးသောင်းကျော် လျော့နည်းသွားခြင်းမှာ မြန်မာ့ပဲပုပ်ကဏ္ဍအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပေသည်။ ထို့အပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန် လိုအပ်ပေသည်။ အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့တွင်စိုက်ပျိုးလျက်ရှိသော ပဲပုပ်မျိုးများသည် ဆီပါဝင်မှု ပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်ရှိပြီး လက်ရှိစိုက်ပျိုးလျက်ရှိသော မြန်မာ့ပဲပုပ်မျိုးများသည် ၁၂–၃၀ အကြားသာရှိပါသည်။ ထို့ကြောင့် ပဲပုပ်ဆီထုတ်လုပ်နိုင်ရန် ဆီထွက်နှုန်းမြင့်မားသောမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ မြန်မာ့ပဲပုပ်မျိုးများ၏ တစ်ဧကအထွက်နှုန်းများကို တရုတ်နှင့်ဘရာဇီးနိုင်ငံများမှ ပဲပုပ်မျိုးကွဲများ၏ အထွက်နှုန်းများနှင့် အောက်ပါအတိုင်း နှိုင်းယှဉ်လေ့လာနိုင်ပါသည်–

| နိုင်ငံ | အများဆုံးစိုက်ပျိုးသော မျိုးများ | အထွက်နှုန်း (တစ်ဧက) | | | |
|---|---|---|---|---|---|
| | | အနည်းဆုံး | | အများဆုံး | |
| | | တင်း | ကီလို | တင်း | ကီလို |
| မြန်မာ | ရေဆင်း – ၃ | ၂၅ | ၈၁၆.၇ | ၃၀ | ၉၈၀.၀၄ |
| | ရေဆင်း – ၄ | ၁၅ | ၄၉၀.၀၂ | ၂၀ | ၆၅၃.၃၆ |
| | ရေဆင်း – ၅ | ၂၅ | ၈၁၆.၇၃ | ၃၀ | ၉၈၀.၀၄ |
| | ရေဆင်း – ၆ | ၂၅ | ၈၁၆.၇၃ | ၃၀ | ၉၈၀.၀၄ |
| | ရေဆင်း – ၈ | ၂၃ | ၇၅၁.၃၆၄ | ၂၈ | ၉၁၄.၇၀၄ |
| | ရေဆင်း – ၁၁ | ၂၇ | ၈၈၂.၀၃၆ | ၃၀ | ၉၈၀.၀၄ |
| | ရေဆင်း – ၁၄ | ၂၅ | ၈၁၆.၇ | ၃၀ | ၉၈၀.၀၄ |
| | ရှမ်းလုံးစိန် | ၁၀ | ၃၂၆.၆၈ | ၁၅ | ၄၉၀.၀၂ |
| တရုတ် | Henong 71 | ၆၀ | ၁၉၆၀.၀၈ | ၈၀ | ၂၅၈၅.၃၁ |
| ဘရာဇီး | Embrapa 48 | ၈၂.၆၅ | ၂၇၀၀ | ၈၈.၇၇ | ၂၉၀၀ |
| | BRS 257 | ၇၆.၅ | ၂၅၀၀ | ၈၂.၆၅ | ၂၇၀၀ |
| | BRS 282 | ၇၀.၄ | ၂၃၀၀ | ၇၆.၅ | ၂၅၀၀ |
| မှတ်ချက် | ၁ ဟက်တာ = ၂.၄၇ ဧက<br>၁ တင်း = ၃၂.၆၆၈ ကီလိုနှုန်းဖြင့် တွက်ချက်ထားပါသည်။ | | | | |

ပဲပုပ်အထွက်နှုန်းသည် စိုက်ပျိုးရာဒေသ၏ ရေမြေသဘာဝနှင့်များစွာသက်ဆိုင်ပါသည်။ ပဲပုပ်သည်ပန်းပွင့်သည့်အချိန်တွင် နေ့တာတို၍ ညတာရှည်မှုကို နှစ်ခြိုက်ပါသည်။ ညအချိန်တွင် ပဲပုပ်အပင်၏အရွက်ရှိရောင်ခြယ်အစိတ်အပိုင်းတို့သည် Photoisomerization ဖြစ်စဉ်ဖြစ်ပေါ်လေ့ရှိပါသည်။ ညအပူချိန် ၂၁ အောက်လျော့နည်းပါက Photoisomerization ကို ပိုမိုလွယ်ကူလျင်မြန်စွာဖြစ်ပေါ်စေပါသည်။ အဆိုပါဖြစ်စဉ်သည် အပင်၏ပန်းပွင့်နှုန်းကို မြင့်တက်စေနိုင်ပါသည်။ ထို့အတူအသီးတောင့် ဖြစ်ထွန်းမှုနှုန်းကို ပိုမိုအားကောင်းစေနိုင်သောကြောင့် အထွက်နှုန်းပိုမိုတိုးတက်စေပါသည်။

“ပဲပုပ်၏ အရည်အသွေးကဏ္ဍသည် ကုန်ကြမ်းအတိုင်း ထုတ်လုပ်တင်ပို့ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း နှစ်ပိုင်းစလုံးနှင့် သက်ဆိုင်လျက်ရှိ။ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အတွက် ကောင်းသောမျိုးများကို သတ်မှတ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းစနစ်များဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သင့်။ ပဲပုပ်တွင် မရိတ်သိမ်းမီ ကျရောက်တတ်သော ရောဂါများနှင့် ရိတ်သိမ်းချိန်လွန် လေ့လွင့်ဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာဌာနများမှ နည်းပညာဆိုင်ရာ အကူအညီနှင့် လေ့လာသုံးသပ်မှုများဆောင်ရွက်ပေးရမည်”

## ကုန်ချောထုတ်လုပ်ရေးအပိုင်း

မြန်မာ့ပဲပုပ်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်နှင့်တန်ဖိုးကွင်းဆက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့ပဲပုပ်ဈေးကွက်နှင့် ပတ်သက်၍ သက်ဆိုင်ရာအသင်းအဖွဲ့များသည် ဈေးကွက်ဆိုင်ရာသုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ မျက်ခြည်မပြတ်ဆောင်ရွက်ရန် လိုအပ်ပေသည်။ ထို့အတူ ပဲပုပ်စားသုံးမှုတန်ဖိုးကွင်းဆက်တစ်လျှောက်

*စာမျက်နှာ ၇ သို့*

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့ ဂွမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ သိမ်းဆည်းမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်သည့် အခမ်းအနားနှင့် ကျောက်ချောလမ်းဖွင့်ပွဲတက်ရောက်

ဂွ ဇွန် ၂၀

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့နှင့်အတူ ယမန်နေ့ နံနက် ၈ နာရီက ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းဝေးခန်းမ၌ ကျင်းပသည့် ငါးလုပ်ငန်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် သိမ်းဆည်းမြေများအား မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် သိမ်းဆည်းမြေ ၄၀၅ ဒသမ ၅၆ ဧကအား မကျေးငူကျေးရွာအုပ်စုရှိ မူလတောင်သူ ၆၄ ဦးထံ ယာယီလုပ်ကိုင်ခွင့် ပုံစံ(၃)များကို တာဝန်ရှိသူများက ပေးအပ်သည်။ ထို့နောက် ကျေးရွာတောင်သူများ ကိုယ်စား တောင်သူ ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြေများသည် ငါးလုပ်ငန်းဦးစီးဌာနမှ ရေငန်ပုစွန်သားပေါက် အသားတိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် သိမ်းဆည်းထားသည့် မြေများဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဂွမြို့နယ်အတွင်းရှိ အရှည် ၉ မိုင် ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျောက်ချောလမ်းဖွင့်ပွဲ ကျောက်စာတိုင်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးပြီး တာဝန်ယူဆောင်ရွက်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က ကျေးလက်လမ်းဦးစီးဌာနသို့ ယင်းလမ်းအပိုင်းနှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို လွှဲပြောင်းပေးအပ်သည်။



အဆိုပါ ကျောက်ချောလမ်းမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ထောက်ပံ့ရန်ပုံငွေဖြင့် ဆားချက်ကွင်း - ချောင်းသာကြီးလမ်းနှင့် ချောင်းသာကြီး - ပေါက်တူးလမ်းတို့တွင် ပါဝင်သည့် လမ်းအပိုင်း အရှည် ၉ မိုင်အား အကျယ် ၁၈ ပေ မြေသားလမ်းပြုပြင်ခြင်း၊ အကျယ် ၁၄ ပေနှင့် ထု ၆ လက်မရှိ ချောင်းဖြုန်းကျောက်စရစ်ဖြင့် အမာခံလမ်းခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း၊ RC Pipe Culvert ခြောက်စင်းနှင့် RC Box Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို မိုးထိချမ်းသာကုမ္ပဏီက ငွေကျပ် ၃၅၂ ဒသမ ၉၂၉ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ရေနက်တွင်းများ ဆက်လက်တူးဖော်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းဆိုလာမှုအရ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ပေနက်တွင်းတူးစက် အကူအညီရယူကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်မှုရှိနေသော ကျေးရွာများအတွက် ရေနက်တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ရေနက်တွင်း တူးဖော်ခြင်း လုပ်ငန်းများအနက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၄၃ သန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ လိုအပ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာ၌ အနက်ပေ ၇၄၀ စက်ရေတွင်း တစ်တွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ဇွန် ၁၉ ရက်တွင် မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် မန်ကျည်းစောက်ကျေးရွာ သောက်သုံးရေရရှိရေး ရေကော်မတီဥက္ကဋ္ဌက ပူပြင်းခြောက်သွေ့သော အညာဒေသဖြစ်သည့် မန်ကျည်းစောက်ကျေးရွာတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော ရေရှားပါးပြတ်လပ်မှု အခက်အခဲအား ကျော်လွှားနိုင်ရန်အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ပံ့ပိုးကူညီ တူးဖော်ဆောင်ရွက်ပေးခဲ့သော နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကမ္ဘောဇဘဏ်တို့ကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းလွှာအား ဒုတိယညွှန်ကြားရေးမှူးထံ ပေးအပ်သည်။ **(အောက်ဝဲပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ အတွင်းရှိ သောက်သုံးရေ ရှားပါးပြတ်လပ်သည့် ကျေးရွာများ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာခြောက်ရွာ၌ အဝီစိရေနက်တွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆိုပါ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာလေးရွာတို့၌လည်း ထပ်မံတူးဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနေမည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အစားအစာပြင်ဆင် ထုတ်လုပ်မှု နည်းလမ်းများကို ရှာဖွေ၍ ဒေသအတွင်း ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည် ဖြစ်ပေသည်။ ဥပမာအားဖြင့် ပဲပုပ်ကုန်ကြမ်းမက်ထရစ်တန် တစ်တန်လျှင် FOB ဈေးနှုန်းအရ အမေရိကန်ဒေါ်လာ ၃၇၀ ဝန်းကျင်ခန့်ရှိသော်လည်း ပဲပုပ်ဆီထုတ်လုပ်ရာမှ ရရှိသော ကြိတ်ဖတ် (ဝါ) ဆီဖယ်ထားသော ပဲပုပ်ကြိတ်ဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ကျော်ရှိပါသည်။ ပဲပုပ်ဆီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၂၀ ဝန်းကျင်ခန့်ရှိနိုင်ပါသည်။ ထို့ကြောင့် ဆီထွက်နှုန်းအနိမ့်ဆုံး ၁၅ရာခိုင်နှုန်းရှိသော ပဲပုပ်တစ်တန်ကို ပဲပုပ်ဆီထုပ်လုပ်ပါက ၁၂၃ ဒေါ်လာနှင့် ညီမျှသော ပဲပုပ်ဆီနှင့် ၂၉၈ ဒေါ်လာနှင့်ညီမျှသော ကြိတ်ဖတ်ကို ရရှိနိုင်မည်ဖြစ်ရာ စုစုပေါင်း ၄၂၁ ဒေါ်လာနှင့်ညီမျှသော ငွေကြေးပမာဏကို ရရှိနိုင်ပါသည်။ အဆိုပါ ပမာဏသည် အနိမ့်ဆုံးတွက်ချက်မှုဖြစ်ပြီး ကုန်ကြမ်း တစ်တန်ရောင်းရငွေထက် ၅၁ ဒေါ်လာ ပိုမိုများပြားကာ ပဲပုပ်အရည်အသွေးနှင့် ထုတ်လုပ်မှုနည်းပညာအပေါ် မူတည်၍ ငွေကြေးပိုမို မြတ်စွန်းနိုင်ပါသည်။

ပဲပုပ်သည် Isoflavones နှင့် Phospholipids ကဲ့သို့သော ဆေးဝါးသိပ္ပံသုံး အော်ဂဲနစ်ဒြပ်ပေါင်းများ ကြွယ်ဝစွာ ပါဝင်သည့်အတွက် လူ့ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုနိုင်ပါသည်။ အဆိုပါအော်ဂဲနစ်ပစ္စည်းများသည် လူနေမှုဘဝအတွက် နေ့စဉ်လိုအပ်ချက်များ ရှိနေသည်ဖြစ်ရာ ဥရောပနိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့် ဂျပန်ကဲ့သို့သော နိုင်ငံများတွင် ပဲပုပ်ကိုအသုံးပြု၍ များစွာထုတ်လုပ်လျက်ရှိပါသည်။ အနာဂတ်တွင် ပြည်ပမှ နည်းပညာနှင့် အရင်းအနှီးများဖြင့် အဆိုပါထုတ်ကုန်များထုတ်ယူနိုင်စွမ်းရှိစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ပါက တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ပေသည်။

**အရည်အသွေးကဏ္ဍ**

မြန်မာ့ပဲပုပ်တင်ပို့မှုသည် နှစ်စဉ်သိသာထင်ရှားစွာ တိုးတက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် ပဲပုပ်တန်ချိန် ၁၇၀၀ ကျော်သာတင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၂၀၀၀ ကျော်အထိ တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇၀၀၀ ကျော်ဆက်လက်တင်ပို့နိုင်ခဲ့ပြီး ပြည်ပဈေးကွက်၏ဝယ်လိုအားမှာ သိသာထင်ရှားစွာတိုးတက်လာပါသည်။ တရုတ်-အမေရိကန် ကုန်သွယ်ရေး စစ်ပွဲအကျိုးဆက်အဖြစ် တရုတ်နိုင်ငံ၏ ပဲပုပ်လိုအပ်ချက် မြင့်မားမှုကြောင့် မြန်မာ့ပဲပုပ်တင်ပို့မှု တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း တစ်ဖက်တွင်လည်း အိန္ဒိယနိုင်ငံသို့ ပဲပုပ်တန်ချိန် ၃၀၀၀ ခန့် ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ခဲ့ပေသည်။

ပဲပုပ်၏အရည်အသွေးကဏ္ဍသည် ကုန်ကြမ်းအတိုင်း ထုတ်လုပ်တင်ပို့ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း နှစ်ပိုင်းစလုံးနှင့် သက်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် အထွက်ကောင်းသောမျိုးများကို သတ်မှတ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) နည်းစနစ်များဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သင့်ပါသည်။ ထို့အပြင် ပဲပုပ်တွင် မရိုတ်သိမ်းမီ ကျရောက်တတ်သော ရောဂါများနှင့် ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာဌာနများမှ နည်းပညာဆိုင်ရာအကူအညီနှင့် လေ့လာသုံးသပ်မှုများဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ ယခုအခါ မြန်မာ့ပဲပုပ်၏ အရည်အသွေးစံချိန်စံညွှန်းမူကြမ်းကို စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီက ရေးဆွဲထားပြီးဖြစ်ပါသည်။ ဆက်လက်၍ နိုင်ငံတကာဈေးကွက်အတွင်း မြန်မာ့ပဲပုပ်မျိုးများ ဝင်ဆံ့နိုင်ရန် အရည်အသွေးနှင့်ဈေးကွက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လှုပ်ရှားမှုများကို သက်ဆိုင်ရာ Stake Holder များပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

# Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၆/၂၀၂၀)**
**၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်**

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၅/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ဆဋ္ဌမအသုတ်အဖြစ် ပူးတွဲပါလုပ်ငန်း (၂၀၇၈) ခုသို့ ခွင့်ပြုငွေပမာဏ ကျပ် (၄၉.၁၁၆) ဘီလီယံကို COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

*ယမန်နေ့မှအဆက်*

ပူးတွဲ

**Covid-19 Fund မှ ချေးငွေ ခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း**

| | | |
|---|---|---|
| ၁၁၆၆ | Myint Cherry Co., Ltd | အမှတ် ၃၇၊ ဦးထွန်း ငြိမ်းလမ်း၂၊ အင်းယားလိပ်ဟိုတယ်လမ်းထောင့်၊ အင်းယားလိပ်ဟိုတယ်ဝန်း၊ မရမ်းကုန်း၊ ရန်ကုန် |
| ၁၁၆၇ | Golden Gate Global Myanmar Pte.Ltd | No.46, Kabaraye Pagoda Road, Mayangone Township, Yangon. |
| ၁၁၆၈ | Kitty ဘိနပ် ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း | အမှတ်(၁၂၂)၊ သုဇိတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁၆၉ | သီရိရတနာ ပရိဘောဂ | အမှတ်(၉၈)နှင့် (၈၄)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁၇၀ | ၁။OKပန်းထိုး လုပ်ငန်း<br>၂။ ခိုင်ခန့် ပလပ်စတစ် လုပ်ငန်း<br>၃။ 34 ရေခဲလုပ်ငန်း | ၁။ (၅၆) သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့<br>၂။ အကွက်အမှတ်(၄၈၊၄၉၊၅၀၊၅၁ ) ရွှေပေါက်ကံစက်မှုဇုံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁၇၁ | ဒေါ်မြင့်မြင့်ချို၊ ပလပ်စတစ် ထုတ်လုပ်မှုလုပ်ငန်း | အမှတ်(၁၁၄၃)၊ ၁၃၃ ရပ်ကွက်၊ ရတနာပုံလမ်း၊ ဒဂုံအရှေ့မြို့နယ် |
| ၁၁၇၂ | Eagle World ပလပ်စတစ်လုပ်ငန်း | အမှတ်(၈)ကျိုက်ပိုင်းဘုရားလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် |
| ၁၁၇၃ | ဦးစိန်မင်း သစ်အချောထည်လုပ်ငန်း | အမှတ်(၄၅၄)၊ ဗညားဒလလမ်း၊ တာမွေမြို့၊ |
| ၁၁၇၄ | ဦးအောင်ဝင်း၊ အထည်ချုပ် | အမှတ်(၆)၊ ဗိုလ်ကျော်ဇောလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။ |
| ၁၁၇၅ | Myanmar Excited Group Co., Ltd | အမှတ်(၇/ ဘီ)၊ ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁၇၆ | Golden Rose Industry သံထည်နှင့်စတီးလုပ်ငန်း | (၁၅၆)ကွမ်းအပ်မင်းသားကြီးလမ်း၊ ဇုန် (၁)ရပ်ကွက်၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁၇၇ | ဟိန်းစည် ကွန်ကရစ်လုပ်ငန်း | ၁၂၇၂ ၊ ပဲခူးမြစ်လမ်း၊ ၇၇ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း |
| ၁၁၇၈ | အရှေ့ဘက်ကောင်းကင်စာပေနှင့် ပုံနှိပ်လုပ်ငန်း | အမှတ်- (၂၇၁)၊ မာန်ပြေ (၁၇ ) လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန် |
| ၁၁၇၉ | ဒေါ်ဖြူဖြူအေးမှုလီနှင့်သံထည်ပစ္စည်းထုတ်လုပ်ဖြန့်ချီရေး | (၁)၅၆၂အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့<br>(၂) ၇၈၅၊ သံလွင်လမ်း၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံဇုံ(၂)၊ ရန်ကုန် |
| ၁၁၈၀ | EI – လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း | ၃၄/၉၃၈၊ ပျဉ်းမဖြိုင်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့<br>A- 48, ဦးဝိစာရ လမ်း၊ စက်မှုဇုံ၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁၈၁ | ကျားရောင်စုံပုံနှိပ်တိုက် | ၁၄၃၊ ၃၁ လမ်း၊ ၁၀ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် |
| ၁၁၈၂ | ရွှေကနုတ် ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း | မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော် |
| ၁၁၈၃ | ရှမ်းလေး လက်ဖက်ပွဲရုံလုပ်ငန်း | B/304, မွှေးရုံလမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ ရန်ကုန်။ |
| ၁၁၈၄ | Khit Pyaing Group | အမှတ် (၁၉/၃)၊ နွားကူးကျေးရွာ၊ မကြီးကန်ကျေးရွာအုပ်စု၊ မကွေးမြို့။ |
| ၁၁၈၅ | သဘာဝကြက်ဥ | အမှတ်-၆, စံပယ်မာဃလမ်း၊ ဆင်မလိုက်၊ (၅) ရပ်ကွက်၊ ကမာရွတ် |
| ၁၁၈၆ | Golden Peak Co.,Ltd | No.(36), Marlarmyaing 5th Street, (16) Quarter, Hlaing Township, Yangon. |
| ၁၁၈၇ | မဟာတိုး မုန့်မျိုးစုံ လုပ်ငန်း | အမှတ်-(၁၂၉/ခ)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂) ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ |
| ၁၁၈၈ | သစ်သစ်ဇော် ဆန်စက် | ငှက်သိုက်အုပ်စု၊ ညောင်သာယာကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်။ |
| ၁၁၈၉ | ရွှေလင်းယုန် မုန့် လုပ်ငန်း | ၁၁၇၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာစက်မှုဇုံ (၁) ရန်ကုန် |
| ၁၁၉၀ | SHARR အဲယားကွန်းပြုပြင်ခြင်း လုပ်ငန်း | အမှတ် (၅၃၄)၊ အမှတ် ၃ လမ်း၊ သစ် ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၁ | KID Beauty Salon | အမှတ် (၁၇၅)၊ ဆရာစံလမ်း၊ ဆရာစံမြောက်ရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၂ | Diamond Knowledge International Pre School | အမှတ် (၅၃၂)၊ သုမေ္မာလမ်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၃ | Today စတိုး | အမှတ် ၃၈၀/ခ၊ သခင်မြလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၄ | မြန်မာ့မဏ္ဍိုင် Post Print Services | အမှတ် (၁၇၀)၊ ဆရာရှမ်းလမ်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ရန်ကုန်။ |
| ၁၁၉၅ | Golden New Age (GNA) English Language Centre | အမှတ် (၄)၊ ရာဇဓိရာဇ်လမ်း၊ ၄၀ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၆ | အက်စ်တီအိုင်အမ် ကုမ္ပဏီလီမိတက် | အမှတ်-၁၃၇၆၊ ဦးကြင်ဥ (၃) လမ်း၊ ၃၂ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန် |
| ၁၁၉၇ | Modern Wall Co,.Ltd | အခန်းအမှတ်-၂၀၁၊ အမှတ် ၄ မေတ္တာညွှန့်အိမ်ယာ၊ မစိုးရိမ်ကျောင်းလမ်း၊မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ် |
| ၁၁၉၈ | Pro Myanmar Trading Co.,Ltd | အမှတ် ၅၄၊ လှသီဂီလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ |
| ၁၁၉၉ | Future Hub Co., Ltd | No. 1, Room 5/ B, 4th Floor, Moe Kaung Road, Yankin Township, Yangon |
| ၁၂၀၀ | အေးမင်း (စက်မှုလက်မှု) | အမှတ် (၄၇၅)၊ ရွှေယင်းမာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ |
| ၁၂၀၁ | Khin Aung Win Kyi Company Limited | တိုက်(၂၄-H) အခန်း(အေ-၂) (၈) ရပ်ကွက်၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ် |
| ၁၂၀၂ | ဒီဇိုင်နာငြိမ်းကို (Chic & Chic) | အမှတ် (၅၁/၄၇)၊ အခန်း အမှတ်(၂/၃)၊ သုမင်္ဂလာလမ်း၊ စ/သု ရပ်ကွက်၊ ရန်ကုန်မြို့ |
| ၁၂၀၃ | ဆွေမှန်အထူးကုဆေးခန်း | အမှတ် (၁၁၉)၊ သီရိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၁၂၀၄ | သန်မြန်သူဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | (၃၃/၈၆၄)၊ စကားဝါလမ်း၊ အောင်သာယာရပ်ကွက်၊ ပေါင်းလောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ |
| ၁၂၀၅ | လှကေနိုင် အထည်ဆိုင် | ၂၉ လမ်း၊ အထက်ဘလောက်၊ အမှတ် (၂၃၈)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၂၀၆ | BDG Bo Distribution Group Company Limited | အမှတ်-၄၊ ရွှေသပြေရိပ်မွန်အိမ်ယာနှင့်နဝရတ်လမ်းမကြီး၊ သာကေတ |
| ၁၂၀၇ | ရတနာဒေဝီ ပိုးထည်ဆိုင် | အမှတ် (၅၇)၊ C ရုံရှေ့၊ အရှေ့ဘက်ကား အတွင်းပတ်လမ်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။ |
| ၁၂၀၈ | သံလွင်စံရေချိုပုဇွန် ရောင်းဝယ်ရေး (အရှင်) | ၁၂/၇၅ (A),မင်းကွန်းကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန် |
| ၁၂၀၉ | အိမ့်ခြူးစံ အထည်လုပ်ငန်း Fashion အရောင်း | တိုက် -၃၊ အခန်း ၇၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |
| ၁၂၁၀ | ချယ်ရီအောင် အုတ်၊သဲ၊ကျောက်၊ ဘိလပ် မြေရောင်းဝယ်ရေးနှင့် ကွန်ကရစ် လုပ်ငန်း | အမှတ်(၂)၊ ဂျိုးဖြူလမ်း၊ စမ်းကြီး၀၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂၁၁ | ရွှေစွမ်းအင် | အမှတ် (၂၆၇)၊ စက်ဆန်း ၉ လမ်း စက်ဆန်းရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၁၂ | SUKI Hair Saloom | အမှတ်(၄၄)၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂၁၃ | Asian Lube Marketing Company Limited | အမှတ်(၀၀၁-၀၀၂)၊ တိုက်(၃)၊ သီရိမင်္ဂလာအိမ်ယာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂၁၄ | ရတနာစက်သုံးဆီအရောင်းဆိုင် | ရန်ကုန်-ပြည်ကားလမ်းဘေး၊ အုတ်ဖိုမြို့၊ ရှမ်းရွာကျေးရွာ၊ သာယာ၀တီခရိုင်၊ ပဲခူးတိုင်း။ |
| ၁၂၁၅ | "မင်္ဂလာဦး" သတို့သား သတို့သမီး ဝတ်စုံနှင့် လက်ဝတ်ရတနာဆိုင် (ရောင်း/ငှား) | အမှတ် ၉၉၁၊ သုမင်္ဂလာလမ်း၊ (၁၆/၁) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၂၁၆ | Closer Myanmar Publishing House | အမှတ်(၅၄)၊ ၅ လွှာ (A)၊ လယ်ယာရွှေမြေလမ်းနှင့် သမာဓိလမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၁၂၁၇ | Yone Yone (Elegant Wear For All Designes) | တိုက်(၂၁)၊ အခန်း(၃)၊ မာတလီလမ်း၊ လှိုင်မြင့်မိုရ်အိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၁၂၁၈ | Union Power Logistics Services Co.,Ltd. | No.45, Pin Lon Housing, 27 Quarter, North Dagon, Yangon. |
| ၁၂၁၉ | ငွေဗိမာန်ကုမ္ပဏီ | ၁၀/၄၉၊ ချင်းစု (၂) လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနား |
| ၁၂၂၀ | စွယ်တော်ပုံနှိပ် + စာအုပ်ချုပ်လုပ်ငန်းစု | အမှတ် (၁၁၆)၊၅၁ လမ်း (အလယ်)၊ အမှတ် (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ၁၂၂၁ | Dr. Polish (Car Polish, Detailing & Car Accessories) | အမှတ် (၁၀၉၁)၊ သုမင်္ဂလာလမ်းမ၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၁၂၂၂ | Jinoo Company Limited | No.573, Maydawe Road, North Okkalapa Township, Yangon. |
| ၁၂၂၃ | Golden Gate International Development Co., Ltd. | အမှတ် (၂၁၉)၊ သစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၂၄ | MIMBER Institute Of Management Studies Co.,Ltd. | အမှတ်(၂၅၆)၊၁၂လွှာ၊ပင်လုံထိပ်ထားကွန်ဒို၊ ပန်းဆိုးတန်းလမ်း (အထက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၂၅ | King Maker Co., Ltd. | အမှတ် (၂၇၈)၊ ၃၉ လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၂၆ | Better Day Media Services Co.,Ltd | ၂၃၊ ရေကျော်လမ်း၊ ပထမထပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ၁၂၂၇ | Tun Myat Thu Int'l Co,.Ltd | အမှတ်-၁၃၉၊ ပထမထပ်၊ အနော်ရထာလမ်း၊ လမ်းမတော် |
| ၁၂၂၈ | Amarapura Maritime Services Co.,Ltd | No.(119/121), 8©, Yone Phyu Lay Building, Pazuntaung Township, Yangon, Myanmar |
| ၁၂၂၉ | ရွှေမဟာ အထည်ဖြန့်ချီရေး | အမှတ် ၃၄၊ အုန်းပင်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ |
| ၁၂၃၀ | Nice Way General Services | အမှတ်(၉)၊ ပထမထပ်၊ ပါရမီလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန် |
| ၁၂၃၁ | YGN Mini Mart | အမှတ်(၁၉)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် |
| ၁၂၃၂ | Mastech Co., Ltd | No. 72, Shwe Hnin Si Lane (6), 5th Quarter, Mayangone Township, Yangon |
| ၁၂၃၃ | ဦးကျော်ဝင်း (i net) ဖုန်းနှင့် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေး | F – 4+5+6+7 (ပထမထပ်) ယုဇနပလာဇာ |
| ၁၂၃၄ | Innwa IT & Mobile | အမှတ် (၅၁၄) ၊ ဆိပ်ကမ်းသာလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ၁၂၃၅ | Spandrel Co.,Ltd | အမှတ် (၁၁၈/B)၊ ၃၃ လမ်းအလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ၁၂၃၆ | Best Engineering Solutions & Trading Co., Ltd | အမှတ်၁/ ၃၇၊ အမှတ်(၄)လမ်းမကြီး၊ သာခုကန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန် |
| ၁၂၃၇ | Merry Mesh Network Integration Co.,ltd | အမှတ် – D – 01၊ ကန်ရိပ်မွန်ကွန်ဒို၊ ကန်လမ်း၊ လှိုင်မြို့နယ် |
| ၁၂၃၈ | Excellent Myanmar Co.,Ltd | အမှတ် (၁၄၆)၊ ပတ္တမြား လမ်း၊ ရေအေးကွင်း ရပ်ကွက်၊ တောင်ကြီးမြို့။ |
| ၁၂၃၉ | ဇီဇဝါသယ်ယူပို့ဆောင်ရေး | အမှတ် (၈)/က၊ လယ်ယာ (၆) လမ်း၊ ၁၈/ မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၄၀ | SingTech Global Engineering & Trading Co.,Ltd | No.171(A/B), Kyan Sit Thar Street, Northen Kyeepwaryaw Ward, Thingangyun Township, Yangon. |
| ၁၂၄၁ | ရွှေမင်းသမီးဖက်ရှင် | တိုက် (၂၀)၊ အခန်း (၅)၊ တာမွေ၊ နှင်းဆီလမ်း၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက် |
| ၁၂၄၂ | Photo Moe Ko Oo & Group One Stop Wedding Planning Service | အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂၄၃ | ဝေယံလွင် ကုမ္ပဏီ လီမိတက် | အမှတ်-၉၀၊ အခန်း ၅ အေ၊ ငွေကုံကော်တာဝါ၊ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၄၄ | YW ကားတာယာ ထွက်ကုန် ပစ္စည်းရောင်း ဝယ်ရေးလုပ်ငန်း | အမှတ်(၈/၉)၊ သုခလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၄၅ | eTrade Myanmar Co.,ltd | Room – 8, Building 4, MICT Park, Hlaing Township, Yangon |
| ၁၂၄၆ | မိဘဂုဏ်ရည်စတိုး | အမှတ် (၅)၊ ဦးဖိုးမှန်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၂၄၇ | Zealous Men Collection (ဖဲလ်လပ်စ်) | ၇၃၀၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် |
| ၁၂၄၈ | Perfectway Trading Co,.Ltd | 100/98, 2nd Floor, 7 Qtr, Bo Aung Kyaw Street, Botataung T/S |
| ၁၂၄၉ | မြန်မာကောင်းမှန် လုပ်ငန်းစု ကုမ္ပဏီလီမိတက်<br>MYANMAR KAUNG HMAN GROUP COMPANY LIMITED | အမှတ်-၈၂၉၊ သုမင်္ဂလာလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပ |
| ၁၂၅၀ | Royal Lin Marble & Granite Co.,Ltd | အမှတ် (၆၇၇)၊ ပြည်လမ်း၊ အင်းစိန်၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကုန်။ |
| ၁၂၅၁ | ARK Engineering Co.,Ltd | အမှတ် ၅၃၁၊ ဘုမ္မာ(၁၃)လမ်း၊ ညပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၁၂၅၂ | ဟိုတယ် လှိုင်ကော် | (၉) လမ်း၊ နောင်ယား (က) ရပ်ကွက်၊ ထေးငါလျှားကန်အနီး၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။ |
| ၁၂၅၃ | Power Guest House | Power, လင်းသာ အမှတ် (၃) ရပ်ကွက်၊ ပေလီမြို့၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ်။ |
| ၁၂၅၄ | Magical Lan Company | No(79)(4b), Kwin Kyaung Street, Ahlone Township, Yangon |
| ၁၂၅၅ | Pearl Nadi Travels & Tours Company Limited | No.170/176, Room (303~305), 3rd Floor, MGW Center, Bo Aung Kyaw Road, Botahtaung Township, Yangon. |
| ၁၂၅၆ | Yangon Green Land Travels & Tours Co;Ltd | No.295/6, Kathit Myaing Street, Thuwunna, Thingangyun Township, Yangon. |
| ၁၂၅၇ | Unileisure Travels & Tours Co., Ltd | အမှတ်(၄)၊ ရွှေအင်းကြင်းရိပ်မွန် ဝေဇယန္တာလမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်။ |
| ၁၂၅၈ | Myat Shwe yati Thar Travels & Tours Co., Ltd | အမှတ်(၁၀၉)၊ ဟံသာ၀တီ(၂)လမ်း၊ တောင်ဥက္ကလာပ(၆) ရပ်ကွက် |
| ၁၂၅၉ | Swan Saung Yee Travelsand Tours Co., Ltd | အမှတ်(ဒီ/ဘီ)၊ အခန်း (၁၀၂) သစ္စာဥယျာဉ်အိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ် |
| ၁၂၆၀ | ရီရီချို စားသောက်ဆိုင် | ဘားအံ ၊ အမှတ် (၇) ရပ်ကွက် |
| ၁၂၆၁ | Culture Beyoand Company Limited | အမှတ်(၁၂၆)၊ မြေညီထပ်လမ်း (၄၀)၊ ကျောက်တံတားမြို့နယ် |
| ၁၂၆၂ | Future Garden Company Limited | အမှတ်(၄၅၀)၊ အနော်ရထာ(၁၀) လမ်း၁ ရပ်ကွက်၊ သာကေတမြို့နယ် |
| ၁၂၆၃ | Royal Colourful land Travels and Tours | အမှတ်(၁၁၅)၊ ၃ ဘီ၊ ပြည်လမ်း၈ မိုင်၊ မရမ်းကုန်းမြို့နယ် |
| ၁၂၆၄ | Hantharwaddy Princess Travel Services | အမှတ်(၁၄၉)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ် |
| ၁၂၆၅ | မိုးကောင်းကင်စားသောက်ဆိုင် | အမှတ်(၅၆)၊ (၇)ရပ်ကွက်၊သံသုမာလမ်း၊တောင်ဥက္ကလာပမြို့နယ် |
| ၁၂၆၆ | ရွှေချမ်းမြေ့ထမင်းနှင့် လက်ဖက်ရည်ဆိုင် | အမှတ် (၁၀၈)၊ ရတနာဒီပလမ်း၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်း |
| ၁၂၆၇ | ဒေါ်မေဖြူဖြူကျော် ကွန်ပျူတာပန်းထိုး | အမှတ် (၂)၊ ရွှေရည်လမ်း၊ မြို့မတောင်ရပ်ကွက်၊ သံလျင်မြို့၊ တောင်ပိုင်းခရိုင် |
| ၁၂၆၈ | DC 799 အထည်ချုပ်လုပ်ငန်း | အမှတ်(၁၇၀၈/၁၇၀၉)၊ သံလွင်လမ်း၊ ရွှေနံ့သာရပ်ကွက် ဥတ္တရသီရိမြို့နယ်၊ |
| ၁၂၆၉ | အောင်မျိုးနွယ် (စတီးသံပန်းတံခါး လုပ်ငန်း) | အမှတ်(၈၇၇)၊ (၄) ရပ်ကွက်၊ ဗြမ္မစိုရ်လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |

*စာမျက်နှာ ၉ သို့*

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မိတ္ထီလာမြို့နယ်ရှိ ကျောင်းသားကျောင်းသူများအတွက် စက်ဘီးအစီး ၆၅၀ လှူဒါန်းပွဲတက်ရောက်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးများပေးအပ်လှူဒါန်းစဉ်။

**မိတ္ထီလာ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ယမန်နေ့က မိတ္ထီလာမြို့နယ် မွေကျေးရွာအထက(ခွဲ)နှင့် ကျောက်ဖူးကျေးရွာ အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၆၅၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

အဆိုပါစက်ဘီးပေးအပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် အမရပူရမြို့ပြ စီမံကိန်းဆောင်ရွက်နေသော Mandalay Business Capital Development Ltd. မှ တာဝန်ရှိသူများက မွေကျေးရွာအထက(ခွဲ)သို့ ရပ်ဝေးကျေးရွာများမှ လာရောက်ပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူ ၂၀၇ ဦးအတွက် စက်ဘီး ၂၀၇ စီးကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောက်ဖူးကျေးရွာအထက(ခွဲ)ရှိ စာသင်ကျောင်းဆောင်သစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီး ၄၄၃ စီးကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းသည်။

အဆိုပါကျောင်းများအတွက် ကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် အားကစားပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး စက်ဘီးအစီး ၆၅၀ ကို Mandalay Business Capital Development Ltd. က လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ယင်းမာပင်ခရိုင်အတွင်း သစ်ဖမ်းဆီးရရှိမှုအခြေအနေ စစ်ဆေး

**မုံရွာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၈ ရက်က ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၆ ရက်တွင် ဘုတလင်မြို့နယ်၊ ကနီမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ သစ်တောဝန်ထမ်းများ၊ ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတလင်၊ ကနီစသည့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်သော အဖွဲ့သည် မြန်မာ့သစ်လုပ်ငန်းထံမှ တင်ဒါစနစ်ဖြင့် သယ်ယူခွင့်ရရှိသော သစ်ဖောင်တွဲများကို ကွင်းဆင်းစစ်ဆေးရာ နတ်လာပို့ ကျေးရွာ၏ အောက်ဘက် (၁) ဖာလုံခန့်အကွာ ချင်းတွင်းမြစ်အတွင်း (GV-096670) နေရာ၌ ကျော်ကျော်ထွန်း ရေယာဉ်ဖောင်တွဲဖြင့် ရောနှောသယ်ဆောင်လာသည့် တရားမဝင် ကညင်သစ် ၁၉ လုံး၊ ၅၁ ဒသမ ၃၁၂ တန်အား ပြစ်မှုကျူးလွန်သူ နှစ်ဦးဖြင့် လည်းကောင်း၊ တရားမဝင် ကညင်သစ် စုစုပေါင်း ၃၅ လုံး၊ ၁၀၇ ဒသမ ၄၃၄ တန်အား ဖောင်ဆွဲမော်တော် နှစ်စင်း၊ ပြစ်မှုကျူးလွန်သူ လေးဦးတို့အား ဖမ်းဆီးရမိမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်စပ်ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံး ဖော်ထုတ်စစ်ဆေး အရေးယူ ဆောင်ရွက်သွားရန် မှာကြားသည်။



အဆိုပါ တရားမဝင်သစ်များအား ယင်းမာပင်မြို့နယ် စည်သူသစ်ဆိပ်သို့ သယ်ယူသိမ်းဆည်းထားရှိပြီး ပြစ်မှုကျူးလွန်သူများအား ကနီမြို့နယ်ရဲစခန်း၌ သစ်တောဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့သစ်လုပ်ငန်းထံမှ တင်ဒါစနစ်ဖြင့် သယ်ယူခွင့်ရရှိသော သစ်ဖောင်တွဲများနှင့်အတူ တရားမဝင်သစ်များ ရောနှောသယ်ဆောင်ခြင်းကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်စပ်တာဝန်ရှိသူ အဆင့်ဆင့်ကို စစ်ဆေးဖော်ထုတ်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်နိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနားမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် သစ်ပင်စိုက်ပျိုးပေး

**မြစ်ကြီးနား ဇွန် ၂၀**

မြစ်ကြီးနားမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း၌ ယမန်နေ့က ပြုလုပ်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရိပ်ရသစ်ပင်များကို စိုက်ပျိုးပေးကြသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ စုပေါင်း၍ ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုး ၁၅၀၊ ပိတောက် ၂၀၀ တို့နှင့် တမလန်း၊ မန်ကျည်းရှား၊ ခရေ၊ ယမနေ၊ ကံ့ကော်၊ ရေတမာ၊ မဟော်ဂနီပင် ၁၀၀ စီနှင့် စွယ်တော်ပင် ၄၀ တို့ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



## ချင်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးပြုလုပ်

**ဟားခါး ဇွန် ၂၀**

ချင်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးကျော်ငြိမ်းနှင့် ကော်မတီဝင်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရရှိရေးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများကို ပြည်သူများ သိရှိလိုက်နာ နေထိုင်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် နည်းဥပဒေများအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားရယူရမည့် နည်းလမ်းများ၊ ချင်းပြည်နယ်အတွင်း ဆောင်ရွက်နေသော မြေစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များနှင့် ပတ်သက်၍ ကော်မတီဥက္ကဋ္ဌပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက် ဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် အခြေခံပညာကျောင်း ၁၇ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်တော့မည်

**မော်လမြိုင်ကျွန်း ဇွန် ၂၀**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစတင်၍ အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားထားသည့် သတ်မှတ်နေ့ရက်များအတိုင်း ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အခြေခံပညာကျောင်းများအနက် ကျောင်းပေါင်း ၁၇ ကျောင်း အဆင့်တိုးမြှင့်ရရှိကြပြီ ဖြစ်သည်။

ထိုသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသော အခြေခံပညာကျောင်းများမှာ အ.ထ.က (ခွဲ)မှ အ.ထ.က အဆင့်တိုးမြှင့်ကျောင်း နှစ်ကျောင်း၊ အ.လ. က (ခွဲ)မှ အ.လ.က အဆင့်တိုးမြှင့်ကျောင်း ရှစ်ကျောင်းနှင့် အ.မ.က (ခွဲ)မှ အ.မ.က အဆင့်တိုးမြှင့်ကျောင်း ခုနစ်ကျောင်းတို့ဖြစ်သည်။

အဆိုပါ ကျောင်းများမှာ စစ္စလီတုံး အ.ထ.က (ခွဲ) ကျောင်းမှ အ.ထ.က အဖြစ်လည်းကောင်း၊ တံခွန်တိုင်ကြီး အ.ထ.က (ခွဲ) ကျောင်းမှ အ.ထ.က အဖြစ်လည်းကောင်း၊ အ.လ.က အဆင့်တိုးမြှင့် ဖွင့်ခွင့်ရရှိသော ကျောင်းများမှာ မယ်ဂျာကညင်ချောင်း၊ အထက် ကျုံလတာ၊ ပလွန်ဇာ၊ ကျီးပင်စု၊ ကျွန်းကလေး၊ အဝချောင်း၊ အောင်သုခနှင့် ဂရမ်းကျောင်းတို့ဖြစ်ကြပြီး အ.မ.က အဆင့်တိုးမြှင့်ခွင့်ရရှိသောကျောင်းများမှာ လပွတ်ကွဲတဲချောင်းရွာမ၊ ဘင်္ဂလားကြီး၊ ပေါင်တစ်ချောင်း(၁)၊ လတာချောင်း (၂)၊ မမွေးကျွန်းရွာမ၊ ဒေါင်းဦးတိုမြစ်တန်းနှင့် ဒေါင်းဦးတိုအတွင်း ကျောင်းများဖြစ်ကြသည်။

မော်ကျွန်းမြင့်အောင်

# MFF Futsal Knockout Cup 2020 ပြိုင်ပွဲတွင် အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MFF Futsal Knockout Cup 2020 ပြိုင်ပွဲတွင် အသင်းပေါင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မေလတွင် ကျင်းပရန် စီစဉ်ထားသည့် MFF Open Cup ပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကျင်းပနိုင်ခြင်းမရှိသောကြောင့် MFF Futsal Knockout Cup 2020 ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ပြန်လည်အစားထိုးကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာလတွင် စတင်ကျင်းပရန် စီစဉ်ထားပြီး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ရုပ်သံထုတ်လွှင့်ရေးနှင့် စပွန်ဆာရှာဖွေရေးကဏ္ဍများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းပြိုင်ပွဲနှင့် ပတ်သက်၍ ဇွန် ၁၈ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် ဌာနအသီးသီးမှ တာဝန်ခံများ၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် MFF Futsal Knockout Cup 2020 ကျင်းပနိုင်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ ချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲများနှင့် လက်ရွေးစင်အသင်း၏ပြင်ဆင်မှုများ၊ ဖူဆယ်လိဂ်နှင့် ရှုံးထွက်ပြိုင်ပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ဖူဆယ်အားကစားတိုးတက်ရေးအတွက် ရေရှည်စီမံကိန်းနှင့် အထွေထွေကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့သည်။

**ရဲရင့်ရှိုင်း**

# စပါးနှင့် မန်ယူ အနိုင်အရှုံးအဖြေမပေါ်သည့် ပရီမီယာလိဂ် ပွဲစဉ် (၃၀)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၀) မှ ဇွန် ၂၀ရက် စနေနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် မန်ယူ ပွဲတွင် တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ရာ အိမ်ရှင်စပါးက ဟယ်ရီကိန်းကို အထောင်ထားပြီး ဧည့်သည် မန်ယူအသင်းသည် မာရှယ်လ်ကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၂၇ မိနစ်တွင် တောင်ပံကစားသမား ဘာ့ဂ်ဝင်းဂျ်က စပါးအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူနည်းပြ ဆိုးလ်ရှား လူစားပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး တိုက်စစ်မြှင့်ခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ဘရူနိုဖာနန်ဒက်စ်က အမှားအယွင်းမရှိ မန်ယူအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီးတွင် မန်ယူတို့ ပယ်နယ်တီထပ်မံရရှိခဲ့သော်လည်း VAR စနစ်ကြောင့် ပယ်ဖျက်ခံလိုက်ရသည်။ ယင်းပွဲတွင် အိမ်ရှင်စပါးအသင်းသည် တန်ပြန်တိုက်စစ်ဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်ရရှိခဲ့ကာ သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်အထိရရှိကာ ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် နှစ်သင်းစလုံးသည် လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရေး ရုန်းကန်ခဲ့ကြပြီး တစ်ဖက်တစ်ဂိုးစီ သရေတစ်မှတ်စီသာ ကျေနပ်ခဲ့ရသည်။ နည်းပြမော်ရင်ညို၏ စပါးအသင်းသည် ယခုနှစ်ရာသီ ပထမအကျော့ အိုးထရက်ဖို့ဒ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး ရှုံးကြွေးကို ပြန်လည်ချေပခွင့် မရခဲ့ပေ။

ပရီမီယာလိဂ် ပွဲစဉ် (၃၀) အခြားပွဲစဉ်ရလဒ်များအဖြစ် ဆောက်သမ်တန်က အဝေးကွင်း၌ နော့ဝှစ်ချ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ဝက်ဖို့ဒ်နှင့် လက်စတာမှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ဘရိုက်တန်က အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**သီဟ**

# ဖြူး၊ အမရပူရနှင့် နမ့်ခမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ဖြူးမြို့နယ် သစ်ခြောက်ခင်ကျေးရွာနေ



ဖော်မြတ် အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ဦးဆယ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်တွင် ရောက်ရှိနေသူ ဒေါ်ခင်တုတ်ထံက စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အမရပူရမြို့နယ် ၆၂ လမ်းနှင့် ၆၇ လမ်းကြား ထုံးဘို-မြစ်ငယ်သွား ကားလမ်းဘေးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသူ ဇော်မွေးသိန်း (ခ) ဖိုးချွန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် ကွန်လုံကျေးရွာအနီး နမ့်ခမ်း-မန့်ဝိန်းကြီးသွားကားလမ်း သံတံတားတွင် ဇော်မြတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၁၆၆ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၅ ဒသမ ၈၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လားရှိုးမြို့နယ်၌ အမျိုးသမီးနှစ်ဦးအားသတ်ပြီး အလောင်းဖျောက်ဖျက်ခဲ့သူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၌ အမျိုးသမီးနှစ်ဦးကိုသတ်ပြီး အလောင်းဖျောက်ဖျက်ခဲ့သည့် ပြစ်မှုကျူးလွန်သူ ချစ်ကို (ခ) ပိုင်စိုးအောင်အား ဇွန် ၁၇ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် နံနက် ၁၁ နာရီခွဲက လားရှိုးမြို့နယ် မတ်ချီးနုကျေးရွာအနီး၌ အမျိုးသမီးနှစ်ဦးအား ခြေ၊ လက်များကို နိုင်လွန်ကြိုးဖြင့် တုပ်လျက် ပုပ်ပွသေဆုံးနေသည်ကို တွေ့ရှိကြောင်း သတင်းအရ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဗညားဦး ဦးစီး ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့ပြီး အလောင်းများအား လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကာ လားရှိုးနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

သက်သေများစစ်ဆေးခြင်း၊ နယ်မြေသတင်းစုံစမ်းခြင်း၊ သတင်းပေးများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကြောင့် သေဆုံးသူနှစ်ဦးမှာ လားရှိုးမြို့နေ ဒေါ်နန်းဆိုင်ဟွမ် (ခ) နန်းဟွမ် (၃၃ နှစ်)နှင့် ဒေါ်နန်းလောင်ခမ်း (၄၄ နှစ်)တို့ဖြစ်ကြောင်း သိရသည်။

ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ ရပ်ကွက် (၉) နေ ပြစ်မှုကျူးလွန်သူ ချစ်ကို (ခ) ပိုင်စိုးအောင် (၃၂ နှစ်)အား ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ဒေါ်နန်းဆိုင်ဟွမ် (ခ) နန်းဟွမ်နှင့် လူမှုရေးပြဿနာများကြောင့် သတ်ရန်ကြံစည်ရာ အဒေါ်ဖြစ်သူ ဒေါ်နန်းလောင်ခမ်းမှာ အတူရှိနေသဖြင့် ၎င်းတို့နှစ်ဦးလုံးကို သတ်ကာ အလောင်းကို ဖျောက်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ချစ်ကို (ခ) ပိုင်စိုးအောင်

❄ *ကျောဖုံးမှ*

အသက် (၃၁ နှစ်) အရွယ်ရှိပြီဖြစ်သော အိုဇေးလ်သည် အာဆင်နယ်အသင်းကို အမ်မရီ ကိုင်တွယ်ခဲ့စဉ်က ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့သော်လည်း ပြီးခဲ့သည့် ဒီဇင်ဘာတွင် အဆိုပါနည်းပြ၏နေရာအား မိုက်ကယ်အာတီတာကို အစားထိုးခန့်အပ်ပြီးနောက် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာသည့် အခြေအနေတွင်ရှိကြောင်း သိရသည်။ ၎င်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘောလုံးပွဲစဉ်များမရပ်နားမီတွင် နည်းပြအာတီတာ လက်အောက် ပရီမီယာလိဂ် ၁၀ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ပရီမီယာလိဂ် ၂၈ လက်ကျန်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် အသင်းကစားသမား ၂၀ စာရင်းမှ ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။ နည်းပြအာတီတာက အဆိုပါပွဲစဉ်ပြီးနောက် အိုဇေးလ်ကို ချန်လှပ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး နည်းဗျူဟာပိုင်းဆိုင်ရာ အကြောင်းပြချက်ကြောင့် ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုဇေးလ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေး ထိခိုက်နေချိန်တွင် အာတီတာဦးဆောင်ပြီး အာဆင်နယ်ပထမအသင်းကစားသမားများကို လစာငွေ ၁၂ ဒသမ ၅ ရာခိုင်နှုန်း လျှော့ယူရန် တောင်းဆိုမှုကို ငြင်းဆန်ခဲ့သူလည်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ၂၀၁၃ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းမှ အိုဇေးလ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းနှင့် အိုဇေးလ် တို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်အထိ ချုပ်ဆိုထားကြောင်း သိရသည်။ ထို့ကြောင့် အာဆင်နယ်အသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းမှာ နောက်ထပ် ၁၂ လ ကျန်ရှိနေသေးသည်။ မည်သို့ပင်ဖြစ်စေ အိုဇေးလ်သည် အာဆင်နယ်အသင်းတွင် ဆက်လက်နေရလျှင်ပင် ကျေနပ်ဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အာဆင်နယ်အသင်းတွင် ၎င်းရရှိနေသော လစာငွေများကို တွက်ချက်ကြည့်လျှင် တစ်နှစ်လျှင် ပေါင် ၁၈ သန်း၊ တစ်လလျှင် ပေါင် ၁ ဒသမ ၅ သန်း၊ တစ်ပတ်လျှင် ပေါင် ၃၅၀၀၀၀၊ တစ်ရက်လျှင် ပေါင် ၅၀၀၀၀၊ တစ်နာရီလျှင် ၂၀၈၃ ပေါင် ရရှိနေသောကြောင့် ဖြစ်ဖွယ်ဟန်ရှိနေကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နွေရာသီတွင် တူရကီကလပ် ဖီနာဘာချီအသင်းအနေဖြင့် အိုဇေးလ်ကို ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း လုပ်ခလစာမြင့်မားနေမှုကြောင့် ခေါ်ယူရန် ပျက်ပြယ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အိုဇေးလ်သည် ၂၀၁၃ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၅၄ ပွဲ ပါဝင်ကစားထားပြီး ၄၄ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၈ ရက်တွင် မန္တလေး - မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၀၊ သွင်းကုန် ၄၃၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃ ဒသမ ၈၆၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်များဖြစ်သော Daihatsu Hijet နှင့် Toyota Alphardယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၄၀ အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်များ။

# ရုရှားသမ္မတပူတင် ဆေးဝန်ထမ်းများကို သူရဲကောင်းများအဖြစ် ချီးကျူး

**မော်စကို ဇွန် ၂၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအတွင်း သေဆုံးခဲ့သည့် ဆရာဝန်များကို သူရဲကောင်းအဖြစ် ချီးကျူးဂုဏ်ပြုလိုက်ပြီး အတိတ်ကာလ စစ်ပွဲများအတွင်း စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးတပ်ဖွဲ့ဝင်များနှင့် ခိုင်းနှိုင်းလိုက်သည်။

နောက်လ အငြင်းပွားဖွယ် ဆန္ဒမဲပေးပွဲမတိုင်မီ ရုရှားသမ္မတပူတင်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ နောက်လကျင်းပမည့် ဆန္ဒမဲပေးပွဲက သမ္မတပူတင်၏ လက်ရှိသက်တမ်းကို လာမည့် ၂၀၃၆ ခုနှစ်အထိထပ်မံ တိုးမြှင့်နိုင်ရန် မျှော်လင့်ရသည်။ ထို့အပြင် သမ္မတပူတင်က ကျန်းမာရေးဝန်ထမ်းများအတွက် အပိုဆောင်းခံစားခွင့်များနှင့် ဆုများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ဖြစ်ပွားသူ ရုရှားဆေးဝန်ထမ်း ၅၀၀ နီးပါး သေဆုံးခဲ့ကြောင်း ကျန်းမာရေးစောင့်ကြည့်အဖွဲ့က ယခုသီတင်းပတ်တွင် ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသော အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်လျှင် ရုရှားနိုင်ငံ၏ ဆေးဝန်ထမ်းသေဆုံးမှုသည် များပြားသောပမာဏ ဖြစ်သည်။

ဗီဒီယိုမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ ဆေးဝန်ထမ်းများကို ဆက်သွယ်ပြောကြားမှုတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က လုပ်ဖော်ကိုင်ဖက်နှင့် ချစ်ခင်သူများကို ဆုံးရှုံးရသည့်အတွက် ဝမ်းနည်းကြောင်း ပြောကြားသည်။

အမှန်တကယ် ကြောက်စရာကောင်းသော ကူးစက်ရောဂါက လုပ်ဖော်ကိုင်ဖက်နှင့် ချစ်ခင်သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်မဟုတ်ကြောင်း စိတ်မကောင်းစွာ ပြောကြားခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားမှုတွင် အသက်ပေးဆပ်ခဲ့ရသည့် ဆရာဝန်များကို တကယ့်သူရဲကောင်းအစစ်များအဖြစ် တင်စားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအတွင်း ကိုယ်ကျိုးမငဲ့သည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများသည် ဆေးပညာလောကနှင့် နိုင်ငံသမိုင်းတွင် သမိုင်းတွင်မည့်သူများ ဖြစ်ကြောင်း ဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

ရုရှားသမ္မတ ပူတင်က ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း ရှုပ်ရှုပ်ရှက်ရှက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြသော ဆရာဝန်များ၊ သူနာပြုများနှင့် တန်းတူထားပြီး တင်စားလိုက်သည်။



ရုရှားသမ္မတ ဗလာဒီမာပူတင်

ကျန်းမာရေးစောင့်ကြည့်အဖွဲ့ အကြီးအကဲဖြစ်သူ အလာဆာမ္ဘိုင်လိုဗာက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားခဲ့သည့် ရုရှားဆေးဝန်ထမ်း ၄၈၉ ဦး သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူပေါင်း ၈၀၀၀ ကျော် သေဆုံးခဲ့ပြီး ကူးစက်ခံရသူပေါင်း ၅၇၇၀၀၀ ရှိပြီး အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **အေအက်ဖ်ပီ**




ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂီ တိုရှိမိဆု

# ဂျပန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံကြား စီးပွားရေးဆိုင်ရာသွားလာခွင့်ပြုလိုက်ပြီ

**တိုကျို ဇွန် ၂၀**

စီးပွားရေးသမားများကို ဂျပန်နှင့် ဗီယက်နမ်နှစ်နိုင်ငံကြား သတ်မှတ်ထားသည့်အခြေအနေများအောက်တွင် အဆင့်လိုက်သွားလာခွင့်ပြန်လည်စတင်ခွင့်ပြုရန် သဘောတူခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုတဲဂီ တိုရှိမိဆုက ပြောကြားလိုက်သည်။

ဇွန် ၁၉ ရက် အစိုးရအဖွဲ့အစည်းအဝေးပြီးနောက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ထိုသို့ ကြေညာလိုက်ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ပြည်ဝင်ခွင့်များကို အစိုးရက စတင်ကန့်သတ်လိုက်ပြီးနောက် ယခုလို ပြန်လည်ခွင့်ပြုလိုက်ခြင်းသည် ပထမဆုံးဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် နိုင်ငံနှင့်ဒေသများမှ စီးပွားရေးသမားများကို ပြည်ဝင်ခွင့်ဖြေလျှော့ပေးရန် အစိုးရက ဇွန် ၁၈ ရက်က ဆုံးဖြတ်ခဲ့သည်။ ဂျပန်နိုင်ငံသို့ လာရောက်မည့်သူများသည် မလာခင်နှင့် ဆိုက်ရောက်သည့်အချိန်တွင် ဗိုင်းရပ်စ်ရှိ၊ မရှိစစ်ဆေးရန် လိုအပ်ကြောင်းနှင့် ဗိုင်းရပ်စ်ပိုးမတွေ့ရှိသူများဖြစ်ရမည်ဖြစ်ပြီး တခြားအခြေအနေများနှင့်လည်း ကိုက်ညီရမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို အပြည့်အဝနီးပါးထိန်းချုပ်နိုင်ခဲ့သည့် ဗီယက်နမ်နိုင်ငံကို မဟာဗျူဟာမြောက် သံတမန်မိတ်ဖက်အဖြစ် ဂျပန်က ရှုမြင်ထားသည်။ ထို့အပြင် ဂျပန်အစိုးရသည် ထိုင်း၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများ၏ ပြည်ဝင်ခွင့် ကန့်သတ်မှုများကို ဖြေလျှော့ပေးရန်လည်း ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံကိုလည်း ပြည်ဝင်ခွင့်ကန့်သတ်မှုများ ဖြေလျှော့ပြီး ပြန်လည်ခွင့်ပြုပေးရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားလိုက်သည်။

ဂျပန်အစိုးရအနေဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခြေအနေများကို ပြည့်ပြည့်စုံစုံလေ့လာပြီး ကန့်သတ်မှုများကို ဖြေလျှော့သွားရန် မျှော်လင့်ထား ကြောင်း မစ္စတာ မိုတဲဂီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာကြီးအန္တရာယ်ရှိသော အခြေအနေသို့ ရောက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော

**ဂျီနီဗာ ဇွန် ၂၀**

တစ်နေ့တည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၀၀၀၀ ရှိကြောင်း သတင်းဖော်ပြမှုနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုသည် ပိုမိုအရှိန်ကောင်းလာကြောင်း သတိပေးပြောကြားလိုက်သည်။

ကမ္ဘာကြီးသည်အန္တရာယ်ရှိသောအခြေအနေသို့ရောက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒါနွန် ဂီဘရီယက်စ်ဆုစ်က ဇွန် ၁၉ ရက်က ပြောကြားလိုက်သည်။

တက်ဒရော့စ်က ကိုဗစ်-၁၉ ကပ်ရောဂါ ထပ်မံကူးစက်မှု၏ ထက်ဝက်လောက်သည် အမေရိကမှဖြစ်ကြောင်းနှင့် ကိုဗစ်- ၁၉ ကူးစက်မှုအများစုဖြစ်ပွားသောနေရာများမှာ တောင်အာရှနှင့် အရှေ့အလယ်ပိုင်းတို့ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် နိုင်ငံများအားလုံးနှင့် လူများအားလုံး အလွန်တရာသတိထားဖို့ကိုလည်း တိုက်တွန်းလိုက်သည်။ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းဆိုင်ရာ စည်းကမ်းများနှင့် ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ခြင်း စသည့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ကြရန်လည်း တိုက်တွန်းထားသည်။ စီးပွားရေးပြန်လည်ဖွင့်လှစ်မှုများ ခပ်စောစောပြုလုပ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်တက်လာခဲ့သည်။

မီဒီယာသတင်းဖော်ပြချက်များအရ ဖလော်ရီဒါနှင့် တောင်ကာရိုလိုင်းနားတို့တွင် ဇွန် ၁၉ ရက် တစ်ရက်တည်း ကိုဗစ်- ၁၉ ကူးစက်မှုအမြင့်ဆုံး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇွန် ၁၉ ရက်က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ခံရသူပေါင်း ၅၀၀၀၀ ကျော်ရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံက အတည်ပြုမှုနှင့်အတူ စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း တစ်သန်းကျော်လာပြီဖြစ်သည်။ ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုက စီးပွားရေးလုပ်ငန်း များကို ပြန်လည်ဖွင့်လှစ်ရန် အားပေးမှုများ ဆက်လက် ပြုလုပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်

# ဂျပန်နိုင်ငံတွင် နိုင်ငံအတွင်း ခရီးသွားလာခွင့်ပြု

**တိုကျို ဇွန် ၂၀**

ဂျပန်နိုင်ငံတွင် အာဏာပိုင်များက နိုင်ငံအတွင်း ခရီးသွားလာခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် လူများသည် ဟိုဟိုဒီဒီသွားလာနေကြပြီဖြစ်ကြောင်းနှင့် နိုင်ငံခြားသားများသွားရောက်လည်ပတ်လေ့ရှိသည့်နေရာများသည်လည်း လများစွာအတွင်း ပထမအကြိမ် ပြန်လည်စည်ကားလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါပြီးဆုံးရန် မသေချာသေးသော်လည်း ဟာရာဂျူကုခရိုင်ရှိ တာကီရှိတာလမ်းပေါ်တွင်လူများ စည်ကားလျက်ရှိသလို ကာနာဂါဝါခရိုင်မှ အမျိုးသမီးတစ်ဦးကလည်း မိမိအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကို စိုးရိမ်ကြောင်း၊ ထို့အတူ စီးပွားရေးအခြေအနေကိုလည်း စိုးရိမ်ကြောင်း ပြောကြားလိုက်သည်။

လူများစွာသည်လည်း အနီးအနားခရိုင်များသို့ လေ့စီးရန်နှင့် သစ်သီးကောက်သွားရန် ဘတ်စ်ကားဂိတ်များတွင် စည်ကားနေကြသည်။

လေယာဉ်မယ်တစ်ဦးဖြစ်သူ အိုယာမာမီယိုကိုက ရိုးသားစွာပြောရမည်ဆိုလျှင် မိမိအနေဖြင့် ပျော်ရွှင်ကြောင်း၊ လူများအပြင်ကိုထွက်ရန် သတိကြီးကြီးထားနေကြသေးကြောင်း၊ သံသယများရှိနေသေးကြောင်း ပြောကြားသည်။

ဂရုတစိုက်သန့်ရှင်းမှုများပြုလုပ်ရန်နှင့် ဘတ်စ်ကားများ လေဝင်လေထွက်ကောင်းရန်လိုကြောင်း၊ ထို့အတူ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာလည်းနေရန်လိုကြောင်း ဆက်သွယ်ရေးကုမ္ပဏီတစ်ခုမှ အော်ပရေတာတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ တစ်သန်းကျော် ရှိလာ

ဆော်ပေါလို ဇွန် ၂၀

**ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်မှာ တစ်သန်းကျော်သွားပြီဟု ဘရာဇီးအစိုးရက ပြောကြားခဲ့သည်။ ဇွန် ၁၉ ရက်က နောက်ထပ်ကူးစက်မှု ၅၄၇၇၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်းအရေအတွက် ၁၀၃၂၉၁၃ ဦး ရှိလာပြီး သေဆုံးသူအရေအတွက်မှာလည်း ၁၂၀၆ ဦးမှ ၄၈၉၅၄ ဦးအထိ ရှိလာသည်။**

### ဒုတိယနေရာ၌ရှိ

ဘရာဇီးသည် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူများနှင့် ကူးစက်ခံရမှုနှုန်းတွင် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယနေရာ၌ ရှိသည်။

လက်တင်အမေရိကနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၅၀၀၀၀ ကျော်အထိရှိပြီး နေ့စဉ်သေဆုံးမှုနှုန်းမှာလည်း အကြမ်းဖျင်းအားဖြင့် ၁၀၀၀ အထိ ရှိသည်။

### ဆက်လက်ဖွင့်ထား

ကိုဗစ်–၁၉ ဗိုင်းရပ်စ်မှာ ဘရာဇီးနိုင်ငံအတွင်း ဝင်ရောက်မွှေနှောက်နေပြီး အထူးသဖြင့် ဆင်းရဲသားများ နေထိုင်သည့်နေရာတွင် ကူးစက်မှုမြင့်တက်နေသော်လည်း စီးပွားရေးလုပ်ငန်းများမှာမူ ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။

ဆော်ပေါလိုမြို့ဗဟိုတွင် ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားနေသော်လည်း ယင်းဒေသရှိ ဈေးဆိုင်အများစုမှာ အာဏာပိုင်များခွင့်ပြုထားသည့်အချိန်ထက်ကျော်လွန်ကာဖွင့်လှစ်နေကြသည်။

### ရှန်းကန်နေရ

မကြာခဏဆိုသလိုလည်း ဈေးဝယ်သူများနှင့်လူစုလူဝေး ဖြစ်လျက်ရှိသည်။ ဘရာဇီးဆေးရုံအချို့ရှိ အထူးကြပ်မတ်ကုသဆောင်များမှာ လုပ်ငန်းစွမ်းဆောင်ရည် မလျော့ကျစေရေး ရုန်းကန်နေရသည်ဟု သိရသည်။

### နေ့စဉ် ရှာဖွေမှုများပြုလုပ်

ကာကွယ်ဆေး ထုတ်လုပ်ရန်အတွက် စမ်းသပ်မှုအချို့ ပြုလုပ်နေသော်လည်း လပေါင်းများစွာ ကြာမြင့်ဦးမည်ဖြစ်ပြီး သိပ္ပံပညာရှင်များသည်လည်း ဗိုင်းရပ်စ်နှင့် ပတ်သက်သည့်အကြောင်းများ၊ ရောဂါလက္ခဏာများကို နေ့စဉ်ရှာဖွေမှုများ ပြုလုပ်နေကြသည်။

**အင်န်အိတ်ချ်ကေ**



ဆော်ပေါလိုမြို့ ကွန်ဂိုဟက်စ်လေဆိပ်တွင် ဇွန် ၁၆ ရက်က ဆေးဖျန်းနေကြစဉ်။

# မက္ကဆီကိုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုမြင့်တက်နေပြီး စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ရန် အချိန်ကြာဦးမည်

**မက္ကဆီကိုစီးတီး ဇွန် ၂၀**

မက္ကဆီကို နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုနှင့် သေဆုံးမှုများမှာ ဆက်လက်မြင့်တက်နေသဖြင့် နောက်ထပ်အဆင့်တစ်ဆင့်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်မှ ရွှေ့ဆိုင်းရဖွယ်ရှိသည်။



မက္ကဆီကိုစီးတီးမြို့တွင် ကျန်းမာရေးလုပ်သားတစ်ဦးက ဈေးသည်ကို လက်သန့်ဆေးရည်ပေးနေစဉ်။

ကျန်းမာရေးဌာန၏ထုတ်ပြန်ချက်များအရ ကိုဗစ် –၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ဇွန် ၁၉ ရက်တွင် ၅၀၃၀ ရှိပြီး သေဆုံးသူ ၆၄၇ ဦးရှိခဲ့ရာ ဇွန် ၁၈ ရက်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်သာ လျော့ကျသည်ဟု သိရသည်။

ယခုသီတင်းပတ်အတွင်း နေ့စဉ်သေဆုံးမှုစာရင်းမှာ ၇၀၀ ခန့်တွင်သာ ရှိနေပြီး နေ့စဉ်ကူးစက်မှုနှုန်း မှာလည်း ၅၀၀၀ ခန့်တွင် ရှိနေသည်။

တိုင်းပြည်အတွင်း ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်နှင့် ဈေးဝယ်စင်တာများကို အာဏာပိုင်များက ပြန်လည်ဖွင့်လှစ်ခွင့်ပေးရေး မျှော်လင့်ထားကြသည်။ မြို့တော်အတွင်း ဟိုတယ်လုပ်ငန်းနှင့် စားသောက်ဆိုင်များ၊ ဈေးဝယ်စင်တာများ ပြန်လည်ဖွင့်လှစ်နိုင်ရေးမှာ ဆေးရုံများရှိ လူနာများ လျော့ကျရမည်ဖြစ်ပြီး နေ့စဉ်ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာလည်း လျော့ကျရမည်ဟု မက္ကဆီကိုစီးတီးမှ အာဏာပိုင်များက ပြောသည်။ ယခုအခါ မြို့တော်ရှိ ဆေးရုံများတွင် ၇၀ ရာခိုင်နှုန်းမှာ လူနာများနှင့်ပြည့်နေသည်။

**ပီတီအိုင်နယူး**

# အမေရိကန်ရှိ အက်ပဲလ် ဖုန်းဆိုင်များ ယာယီပိတ်ထားဦးမည်

ဝါရှင်တန် ဇွန် ၂၀

နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အက်ပဲလ်သည် အမေရိကန်ရှိ ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်မှုမြင့်တက်နေသည့် ပြည်နယ်များရှိ ၎င်းတို့၏ ဆိုင်ခွဲများကို ယာယီပိတ်ထားဦးမည်ဟု အမေရိကန်မီဒီယာများက ပြောသည်။

ဖလော်ရီဒါ၊ မြောက်ကာရိုလိုင်းနား၊ တောင်ကာရိုလိုင်းနားနှင့် အရီဇိုးနားပြည်နယ်တို့ရှိ အက်ပဲလ် ဆိုင်ခွဲပေါင်း ၁၁ ဆိုင်ကို ပိတ်သွားမည်ဟု မီဒီယာများက ပြောသည်။



အရီဇိုးနားပြည်နယ်ရှိ အက်ပဲလ်ဆိုင်ခွဲတစ်ဆိုင်ကို တွေ့ရစဉ်။

မေလလယ်မှစတင်ကာ အဆိုပါပြည်နယ်များတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် လုပ်ကိုင်ခွင့်ပြုရန် ခွင့်ပြုပြီးနောက်ပိုင်းတွင် အက်ပဲလ်ဆိုင်ခွဲများ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အခြေအနေများ ပြန်လည်ကောင်းမွန်လာပါက အမြန်ဆုံး ပြန်လည်ဖွင့်လှစ်မည်ဟုလည်း သိရသည်။

အက်ပဲလ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကြောင့် နယူးယောက်မြို့ရှိ စတော့ရှယ်ယာဈေးကွက် ထိခိုက်ခဲ့ရသည်။

ကိုဗစ်– ၁၉ ကပ်ရောဂါ တစ်ကျော့ပြန် ပြန်လည်မြင့်တက်လာခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထိခိုက်လာမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်ကြသည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် ကုန်သွယ်ရေးလမ်းကြောင်းကို ဇွန် ၂၂ ရက်တွင် ဖွင့်လှစ်မည်

**အစ္စလမ္မာဘတ် ဇွန် ၂၀**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်မှ အရာရှိများသည် လာမည့် ဇွန် ၂၂ ရက်တွင် နှစ်နိုင်ငံကြား အဓိကနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးတော့မည်ဟု ပါကစ္စတန်နှင့် အာဖဂန် နစ္စတန် အရာရှိများက သဘောတူထားသည်။ နှစ်နိုင်ငံစလုံးတွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်သည် နိုင်ငံခြားစစ်သွေးကြွများကို နှိမ်နင်းရန်အတွက် အဓိက စစ်ဆင်ရေးဆင်နွှဲခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် ဇွန်လမှစတင်ကာ မြောက်ပိုင်း ဝါဇီရစ္စတန် မျိုးနွယ်စု ခရိုင်ရှိ ဂူလန်ခန်းနယ်စပ်ကို ပါကစ္စတန်ဘက်မှ ပိတ်ထားခဲ့သည်။

ထို့နောက် ၂၀၁၈ ခုနှစ် မတ်လတွင် နယ်စပ်ဂိတ်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ဇွန် ၂၂ ရက်တွင် ဂူလန်ခန်းနယ်စပ်ဖြတ်သန်းရေးဂိတ်ကို ဖွင့်လှစ်ပေးရန် ပါကစ္စတန်ဘက်က သဘောတူလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အာဖဂန် သံအမတ် အက်တ်အစ်ဖ်မက်ရှယ်က ဆင်ဟွာသို့ အတည်ပြုပြောကြားခဲ့သည်။

လတ်တလောတွင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေသဖြင့် ကုန်တင်ယာဉ်မောင်းသည့် ယာဉ်မောင်းများနှင့် ကုန်သွယ်ရေးတွင် ပါဝင်သူများ အားလုံးသည် ရောဂါထိန်းချုပ်ရေး သတ်မှတ်ချက်များကို လိုက်နာရန် လိုအပ်သည်ဟုလည်း သိရသည်။ နယ်စပ်နှစ်ဖက်စလုံးတွင် ကားသမားများနှင့် သန့်ရှင်းရေးသမားများသည် အသွားအလာကန့်သတ်ထားသည့်နေရာများတွင် ဆေးစစ်မှုခံယူရမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်းမြစ်ဆည် ဆွေးနွေးပွဲတွင် ကုလကြားဝင်ပေးရန် အီဂျစ်တောင်းဆို

**ကိုင်ရို ဇွန် ၂၀**

အီသီယိုပီးယားနှင့် အငြင်းပွားနေသည့် နိုင်းမြစ်ဆည်အရေး ဆွေးနွေးပွဲတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ပေးရန် အီဂျစ်နိုင်ငံက ဇွန် ၁၉ ရက်တွင် တောင်းဆိုခဲ့သည်။

အီဂျစ်နိုင်ငံသည် အရေးပါသည့် ရေ မျှဝေသုံးစွဲမှု ဖြတ်တောက်ခံရမည်ကို စိုးရိမ်လျက်ရှိသည်။ အီဂျစ်၊ အီသီယိုပီးယားနှင့် ဆူဒန်နိုင်ငံတို့ကြား ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း အီသီယိုပီးယားဆည်ကြီးနှင့်ပတ်သက်ပြီး သဘောတူညီမှုမရဘဲ တင်းမာမှုများမြင့်တက်လာခဲ့သည်။ လာမည့်လတွင် ဆည်အတွင်း ရေဖြည့်ခြင်းလုပ်ငန်းကို စတင်တော့မည်ဟု အီသီယိုပီးယားက ကြေညာခဲ့သည်။

သုံးနိုင်ငံ၏ စေ့စပ်ညှိနှိုင်းမှုဆက်လက်လုပ်ကိုင်နိုင်ရေး အသိအမှတ်ပြုသောအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြားဝင်ပေးရန် အီဂျစ်နိုင်ငံက တောင်းဆိုခဲ့သည်။ အဆိုပါဆည်ကြီးကြောင့် ရေရရှိမှု ဆုံးရှုံးသွားမည်ကို အီဂျစ်နိုင်ငံဘက်က စိုးရိမ်လျက်ရှိသည်။ အီသီယိုပီးယားကမူ အဆိုပါဆည်စီမံကိန်းသည် အီသီယိုပီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအရာဖြစ်ပြီး အီဂျစ်နိုင်ငံ၏ ရေရရှိမှုကို ထိခိုက်လိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

နိုင်းမြစ်သည် အီဂျစ်နိုင်ငံ၏ရေသုံးစွဲမှုကို ၉၇ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးထားပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံအတွက် လျှပ်စစ်နှင့် ရေထောက်ပံ့မှုတွင် နိုင်းမြစ်ရေသည် အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိသည်။

**အေအက်ဖ်ပီ**

# အီးယူရဲ့စီးပွားရေးပြန်လည်ဦးမော့လာစေဖို့ ကယ်ဆယ်ရေးအစီအစဉ် ဆွေးနွေးအဖြေရှာကြပြီ

•••••• ထွန်းသစ်စ ••••••

ကိုဗစ်- ၁၉ ကူးစက်ရောဂါကြောင့် ယိုယွင်းနေတဲ့ အီးယူရဲ့ စီးပွားရေးကို ပြန်လည်ဦးမော့လာစေဖို့အတွက် ရန်ပုံငွေမတည်ဖို့၊ ခွဲဝေသုံးစွဲဖို့နဲ့ပတ်သက်ပြီး လာမယ့်လထဲမှာ အမြင်တစ်မျိုးစီဖြစ်နေတဲ့ အီးယူခေါင်းဆောင်တွေဟာ လူချင်းတွေ့ဆုံ ဆွေးနွေးသွားတော့မှာ ဖြစ်ပါတယ်။

## သမိုင်းမှတ်တိုင်စိုက်ထူနိုင်မယ့် စုစည်းညီညွတ်မှု

အီးယူကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်ရဲ့ ယူရို ၇၅၀ ဘီလီယံ ကယ်ဆယ်ရေးအဆိုပြုလွှာနဲ့ ပတ်သက်ပြီး အီးယူ ၂၇ နိုင်ငံဟာ ဇွန် ၁၉ ရက်မှာ ဗီဒီယိုအစည်းအဝေးတစ်ခု ကျင်းပခဲ့ပါတယ်။ အကယ်၍ အဲဒါကိုသာလက်ခံပြီး အကောင်အထည်ဖော်ခဲ့မယ်ဆိုပါက အီးယူသမိုင်းမှာ တကယ့်ကို သမိုင်းမှတ်တိုင် စိုက်ထူနိုင်မယ့် စုစည်းညီညွတ်မှုကို ဖြစ်စေမှာပါ။

အဲဒီအစီအစဉ်ဟာ ကိုဗစ်- ၁၉ ကပ်ရောဂါနှိပ်စက်ထားတဲ့ အီးယူနိုင်ငံတွေကို စီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်လွတ်မြောက်အောင် ကူညီဆောင်ကြဉ်းပေးမှာဖြစ်ပါတယ်။

မိမိတို့အနေနဲ့ အီးယူသမိုင်းမှာ တကယ့်ကိုကြီးမားတဲ့ စီးပွားရေးစိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို အကျယ်ချဲ့ပြီးပြောဖို့လိုမယ်မထင်ပါဘူးလို့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အစည်းအဝေးပွဲပြီးနောက်မှာ ပြောကြားခဲ့ပါတယ်။ အီးယူခေါင်းဆောင်တွေဟာ ဇူလိုင်လကုန်မှာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အဖြေတစ်ခုခုရဖို့အတွက် သဘောတူခဲ့ကြပါတယ်။ ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို ဖယ်ရှားလိုက်ပါက ဇူလိုင်လလယ်လောက်မှာ မျက်နှာစုံညီအစည်းအဝေးတစ်ခုပြုလုပ်ပြီး ကန့်သတ်ထားတဲ့အချိန်မှာ သဘောတူညီချက်ရရှိရေး လုပ်ဆောင်သွားချင်တယ်လို့ အစည်းအဝေးသဘာပတိ အီးယူကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်က ပြောပါတယ်။

## ခက်ခဲတဲ့ညှိနှိုင်းမှုတွေနဲ့ ရင်ဆိုင်ရဦးမယ်

အရေးပေါ် အများဆန္ဒခံယူမှု တစ်ခုရှိပါတယ်။ အဲဒါက တကယ့်ကို အပြုသဘောဆောင်ပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ မိမိတို့အနေနဲ့ အခက်အခဲတွေကို လျှော့မတွက်သင့်ဘူးလို့ လာမယ့်သီတင်းပတ်တွေမှာ အဖြေတစ်ခုရဖို့ ခက်ခဲတဲ့ညှိနှိုင်းမှုတွေနဲ့ ရင်ဆိုင်ရဦးမယ်လို့ ချားစ်မိုက်ကယ်က ပြောပါတယ်။

သို့သော်လည်း အဲဒီအဆိုကိုလက်မခံတဲ့ ဒတ်ချ်ခေါင်းဆောင်ဖြစ်တဲ့ ဝန်ကြီးချုပ် မာ့ခ်ရုဒ်ကတော့ ဇူလိုင်လတွေ့ဆုံပွဲမှာ ထွက်ပေါ်လာမယ့် ဆုံးဖြတ်ချက်အတွက် စိတ်အားထက်သန်မှုကို မပြသခဲ့ပါဘူး။ ဘယ်အချိန်မှာနောက်ဆုံးဖြစ်မယ်ဆိုတာ မကျိန်းသေသလို နောက်ထပ် တွေ့ဆုံမှုတွေ ထပ်လုပ်ရမလား၊ နွေရာသီမှာလုပ်မှာလား၊ နောက်တော့မှလုပ်မှာလားဆိုတာ မသေချာကြောင်း၊ မိမိတို့အနေဖြင့် အားလုံးကိုသုံးသပ်ရမှာဖြစ်ကြောင်း သူက ပြောပါတယ်။

**"စီးပွားရေးပြန်လည်ဦးမော့ရေးအစီအစဉ်ကို ကူညီဖို့ဆိုရင် တိကျတဲ့ အရင်းအမြစ်တစ်ခုတော့ရှိဖို့ လိုအပ်ပါတယ်။ အဲဒီလို မဟုတ်ဘူးဆိုရင်တော့ ဓာတ်ဆီမရှိတဲ့ စက်တစ်လုံးနဲ့ ဘာမှ မထူးပါဘူးလို့ တချို့က သတိပေးထားပါတယ်။ သို့သော်လည်း ဒါကိုသက်သေပြဖို့ဆိုရင် တချို့အီးယူအဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့ ခက်ခဲမှုတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒီအစီအစဉ်ဟာ သတ်မှတ်ထားသလို ဖြစ်လာရင်တော့ အီးယူရဲ့စီးပွားရေးဟာ ပြန်လည်ဦးမော့လာမှာ ဖြစ်ပါတယ်"**



အီးယူခေါင်းဆောင်များ ဇွန် ၁၉ ရက်က ဗီဒီယိုအစည်းအဝေးပြုလုပ်နေစဉ်။

အီးယူဗဟိုဘဏ်အကြီးအကဲ ခရစ္စတင်းလီဂါ့လည်း ဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။ ဘာမှမလုပ်ဘဲ ဒီအတိုင်းထိုင်နေပါက ဈေးကွက်တွေကို ဆိုးကျိုးတွေ တသီတတန်းကြီးဖြစ်စေမယ်လို့ သတိပေးခဲ့ပါတယ်။

## အစီအစဉ်ကိုလက်ခံလိုက်ရင် အီးယူစီးပွားရေးပြန်ကောင်းမယ်

ဒီအစီအစဉ်ကိုသာ မြန်မြန်သဘောတူလိုက်မယ်ဆိုရင် အီးယူစီးပွားရေးလည်း မြန်မြန်ပြန်လည်ကောင်းမွန်လာမယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။ ဘယ်လ်ဂျီယံဝန်ကြီးချုပ်ဟောင်း မိုက်ကယ်က ခြိုးခြံချွေတာလေးဦးနိုင်ငံလို့ တင်စားထားတဲ့ လေးနိုင်ငံရဲ့ မတိကျတဲ့အနေအထားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီလေးနိုင်ငံမှာ နယ်သာလန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဩစတြီးယားနိုင်ငံတွေပါဝင်ပါတယ်။ သူတို့တွေဟာ အီးယူကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်ရဲ့ အစီအစဉ်ကို တစ်မျိုးတစ်မည်ဖြစ်ဖို့ ကတိပြုထားတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။

သဘောတူညီမှုမှာတွေ့နိုင်တဲ့ တကယ့်အခက်အခဲပြဿနာကတော့ ရန်ပုံငွေတွေကို ထောက်ပံ့ပေးမှာလား၊ ချေးပေးမှာလားဆိုတာဖြစ်ပါတယ်။ ခြိုးခြံချွေတာလေးဦးနိုင်ငံကတော့ ချေးပေးတာကို ပိုသဘောကျကြပါတယ်။ အဲဒီလိုလုပ်မှသာ နိုင်ငံတွေလိုအပ်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာမှာ ဖိအားပေးသလိုဖြစ်မှာပါလို့ သူတို့က ပြောပါတယ်။

ရန်ပုံငွေထောက်ပံ့ပေးမယ့်အခြေအနေကို စွဲမြဲစွာကာကွယ်ထားတဲ့ နိုင်ငံတွေကတော့ အီတလီနဲ့ စပိန်နိုင်ငံတို့ပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ ကိုဗစ်- ၁၉ ကပ်ရောဂါကို ပထမဆုံးနဲ့ အဆိုးရွားဆုံးရင်ဆိုင်ခံစားခဲ့ရတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ မိတ်ဖက်နိုင်ငံတွေရဲ့ အကူအညီကို တောင်းခံခဲ့ပါတယ်။ အဲဒီနိုင်ငံတွေဟာ စီးပွားရေးကျပ်တည်းနေတာကို တွန်းလှန်နိုင်မယ့် စွမ်းအားမရှိပါဘူး။ ဒါကြောင့်သာ တခြားနိုင်ငံတွေကို အားကိုးရမယ့်သဘောဖြစ်ပါတယ်။

## သဘောတူညီချက်မလုပ်ခင် တိုးတက်မှုရှိရမယ်

ကော်မရှင်ရဲ့ အစီအစဉ်ဟာ ဂျာမနီနဲ့ ပြင်သစ်တို့ရဲ့ အဆိုပြုချက်ကိုတော့ အားပေးသလိုဖြစ်ပါတယ်။ အဲဒီအဆိုပြုချက်မှာ အီးယူပိုက်ဆံတွေနဲ့ ငွေကြေးဈေးကွက်ကို မြှင့်တင်ပေးဖို့ ပါဝင်နေပါတယ်။

ဇူလိုင် ၁ ရက်မှာ အီးယူရဲ့ အလှည့်ကျဥက္ကဋ္ဌရာထူးနေရာကို လက်ခံရယူမယ့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကတော့ အီးယူခေါင်းဆောင် ၂၇ ဦးစလုံး ဒီအချက်ကို လက်ခံမယ်လို့ပြောပါတယ်။

မိမိတို့အနေနဲ့ တခြားအကြောင်းအရာများထက် အဓိကအကြောင်းအရာကိုသာ အာရုံစိုက်သင့်ကြောင်း ဒတ်ချ်ဝန်ကြီးချုပ် ရုဒ်က ပြောပါတယ်။ ဆွီဒင်ဝန်ကြီးချုပ် စတီဖန်လော့ဗ်ဗန်က သဘောတူညီချက် တစ်ခုခုမလုပ်ခင် တိုးတက်မှုတချို့တော့ ရှိဖို့လိုအပ်တယ်လို့ ပြောလိုက်ပါတယ်။

## ပြောသလိုဖြစ်လာရင် အီးယူစီးပွားရေးပြန်လည်ဦးမော့လာမယ်

သဘောတူညီချက်ကိစ္စပြီး နောက်တစ်ချက်ကတော့ ရန်ပုံငွေခွဲဝေသုံးစွဲရေးကိစ္စဖြစ်ပါတယ်။ ကိုဗစ်- ၁၉ ကပ်ရောဂါကို ဆိုးရွားစွာမခံစားရတဲ့ နိုင်ငံတွေကတော့ အချိုးအစားညီညီမျှမျှမရနိုင်ဘူးလို့ ဝေဖန်ရေးသမားတွေကတော့ ပြောပါတယ်။

စီးပွားရေးပြန်လည်ဦးမော့ရေးအစီအစဉ်ကို ကူညီဖို့ဆိုရင် တိကျတဲ့အရင်းအမြစ်တစ်ခုတော့ရှိဖို့လိုအပ်ပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင်တော့ ဓာတ်ဆီမရှိတဲ့ စက်တစ်လုံးနဲ့ ဘာမှမထူးပါဘူးလို့ တချို့က သတိပေးထားပါတယ်။ သို့သော်လည်း ဒါကိုသက်သေပြဖို့ဆိုရင် တချို့အီးယူအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ခက်ခဲမှုတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒီအစီအစဉ်ဟာ သတ်မှတ်ထားသလို ဖြစ်လာရင်တော့ အီးယူရဲ့စီးပွားရေးဟာ ပြန်လည်ဦးမော့လာမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ အီးယူအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုဗစ်- ၁၉ ကပ်ရောဂါ အကျပ်အတည်းကြောင့် နာလန်ပြန်ထူနိုင်ဖို့ အတော် ကြိုးစားရုန်းကန်ရဦးမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်း

**ဘန်ကောက် ဇွန် ၂၀**

မေလအတွင်း ထိုင်းနိုင်ငံ၏မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းသည် လွန်ခဲ့သောနှစ် အလားတူလထက် ၆၉ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းဝယ်လိုအားနည်းလာပြီး မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် မော်တော်ယာဉ်ထုတ်လုပ်သည့် အဓိကနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဂျပန်မော်တော်ယာဉ်များ၏ စက်ရုံလုပ်ငန်းများကို ထိုင်းနိုင်ငံတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ မေလတွင် မော်တော်ယာဉ် ၅၆၀၃၅ စီးထုတ်လုပ်ခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့ချုပ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## (၂၂) ကြိမ်မြောက် တရုတ်-အီးယူ အစည်းအဝေး ဇွန် ၂၂ ရက်တွင် ပြုလုပ်မည်

**ပေကျင်း ဇွန် ၂၀**

(၂၂) ကြိမ်မြောက် တရုတ်-အီးယူခေါင်းဆောင်များအစည်းအဝေးကို ဇွန် ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျောက်လိကျင်းက ဇွန် ၁၉ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းသည် ဥရောပကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန် ဒါလီယန်တို့နှင့်အတူ (၂၂) ကြိမ်မြောက် တရုတ်-အီးယူအစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးကို ဗီဒီယိုမှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်သည်။

တရုတ်-အီးယူခေါင်းဆောင်များအစည်းအဝေးသည် နှစ်ဖက်အကြား ဦးဆောင်ဆက်ဆံရေးတွင် အရေးပါသော ကဏ္ဍမှပါဝင်နေကြောင်း ကျောက်လိကျင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် မိုက်ကယ်နှင့် ဗွန်ဒါလီယန်တို့ကို ဗီဒီယိုမှတစ်ဆင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ယခုနှစ်သည် တရုတ်နိုင်ငံနှင့် အီးယူအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၄၅) နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည်။

**ဆင်ဟွာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၉-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၇၆၈)ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၆၅)ခု၊ စုစုပေါင်း (၉၃၈) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၀-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၈၆) ဦး ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၉-၆-၂၀၂၀)ရက်နေ့တွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၃၃၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၅)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၃၇၅)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော် ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၈၂)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၁၅၂)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၆၈) ခု |
| (၁၉-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၆၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ စုစုပေါင်း (၁,၃၄၆)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈၇) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case- 149, 225, 227, 228) ထပ်မံထွက်ပေါ်လာသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၁၉၆) ဦးရှိပြီး ၎င်းတို့အနက် (၁၇၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု လျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၉-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၀-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၄) ခု |
| (၂၀-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၉) ခု |
| (၂၀-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၅) ခု |
| (၂၀-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၈၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၉၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၀-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | အမြဲတမ်းနေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 287 | ၃၉ နှစ် | မ | ပေါင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံ၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |

# ကိုဗစ်-၁၉ ကြောင့် တရုတ်သို့ ကုန်စည်သယ်ယူပို့ဆောင်ရာတွင် ကုန်တင်ကားခများ ယခင်ထက် နှစ်ဆမြင့်တက်

**မူဆယ် ဇွန် ၂၀**

ကိုဗစ်-၁၉ ကြောင့် တရုတ်သို့ ကုန်စည်သယ်ယူပို့ဆောင်ရာတွင် ကုန်တင်ကားခများ ယခင် ကိုဗစ်-၁၉ မဖြစ်ခင်ကာလထက် နှစ်ဆမြင့်တက်လျက်ရှိကြောင်း မူဆယ် အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့် က ပြောသည်။

ယခင် ကိုဗစ်-၁၉ မဖြစ်ပွားခင်ကာလ၌ မူဆယ်-မန္တလေး ကုန်တင်ကားခမှာ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးကို ငွေကျပ် ခုနစ်သိန်းမှ ကိုးသိန်းခွဲကြားသာ ရှိသော်လည်း ယခုအခါ ငွေကျပ် ၁၈ သိန်းခန့် ပေးရကြောင်း၊ မူဆယ်-မန္တလေး တွဲကား ၂၂ ဘီးကုန်တင်ယာဉ်တစ်စီးကိုလည်း ယခင် ငွေကျပ် ၁၃ သိန်းနှင့် ၁၄ သိန်းကြားရှိခဲ့ရာမှ ယခုအခါ ငွေကျပ် ၂၈ သိန်းခန့်ပေးရကြောင်း သိရသည်။

ထိုနည်းတူ မူဆယ်-ရန်ကုန် ကုန်တင်ကားခမှာ ၁၂ ဘီးယာဉ်တစ်စီးကို ငွေကျပ် ၁၂ သိန်းနှင့် ၁၄ သိန်းကြားသာရှိသော်လည်း ယခုအခါ ငွေကျပ် ၂၈ သိန်းခန့် ပေးရကြောင်း၊ မူဆယ်-ရန်ကုန် တွဲကား ၂၂ ဘီးယာဉ်ကားခမှာလည်း ယခင် ငွေကျပ် ၁၈ သိန်းနှင့် ၂၀ သိန်းကြားရှိခဲ့ရာမှ ယခုအခါ ငွေကျပ် ၃၈ သိန်းခန့် ပေးရကြောင်း သိရသည်။

ထိုသို့ ကုန်တင်ကားခများ နှစ်ဆခန့် မြင့်တက်နေသောကြောင့် သွင်းကုန်များ တင်သွင်းရာတွင် အခက်အခဲများရှိကြောင်း မူဆယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။

"ကုန်ကားခ တက်တော့ ကားရှာရ ခက်လာတယ်။ ဒီဘက်မှာလည်း ပစ္စည်းတွေက မတင်ရတဲ့အခါကျတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို တင်သွင်းတဲ့ ပစ္စည်းတွေကလည်း ကျယ်ဂေါင်နဲ့ ရွှေလီက ဂိုဒေါင်တွေထဲမှာ အပြည့်ထည့်ထားတယ်။ ပစ္စည်းတွေက ပုံနေပါတယ်။ အဲဒါကျတော့ ကျွန်တော်တို့ Supply နဲ့ Demand မှာ Demand က များလာတဲ့အခါကျတော့၊ Supply က သိပ်မရှိတဲ့အခါကျတော့ ဈေးကွက်သဘောအရ နှစ်ဆတက်သွားပါတယ်။ လုပ်ရကိုင်ရ ခက်တာပေါ့" ဟု ၎င်းက ထပ်မံပြောကြားသည်။

ထို့ပြင် ကုန်စည်သယ်ယူပို့ဆောင်ရေးအပိုင်းတွင်လည်း ကုန်တင်ကုန်ချလုပ်သား မလုံလောက်မှုများ ကြုံတွေ့နေရပြီး ယခင်က ကုန်တင်ကုန်ချ လုပ်အားခမှာ ကုန်တစ်တန်လျှင် ငွေကျပ် ၄၀၀၀ ရှိရာမှ ယခုအခါ ကုန်တစ်တန်လျှင် ငွေကျပ် ၁၂၀၀၀ အထိ ရှိကြောင်း၊ လုပ်သားအခက်အခဲကြောင့် ဂိုဒေါင်များတွင်လည်း ကုန်တင်ယာဉ်များ လေး၊ ငါးရက် တန်းစီစောင့်ဆိုင်းရကြောင်း သိရသည်။

လက်ရှိ တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို မပျံ့နှံ့စေရေး ကာကွယ်ထိန်းသိမ်းရန်အတွက် နယ်စပ်ဒေသ စီမံခန့်ခွဲရေးကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိပြီး ဧပြီလအတွင်းကစ၍ တရုတ်နိုင်ငံသို့ ကုန်တင်ယာဉ်များ ဝင်ရောက်ရာတွင် သတ်မှတ်ပေးထားသော အစားထိုးယာဉ်မောင်းဖြင့် ဝင်ထွက်ခွင့်မူဝါဒကြောင့် မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တို့တွင် ကုန်တင်ယာဉ်ကြီးများ ရက်ရှည်တန်းစီစောင့်ဆိုင်းနေရကာ ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။

ထိုကဲ့သို့ အခက်အခဲများ ကြုံတွေ့နေရသဖြင့် ပို့ကုန်ပိုင်းတွင် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်ပစ္စည်းများမှာ ပျက်စီးဆုံးရှုံးမှုများရှိသောကြောင့် တရုတ်ဘက်မှ ပစ္စည်းအမှာနည်းလာကြောင်း ဦးဝင်းအောင်ခန့်က ပြောသည်။

သို့ဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု အဆင်ပြေစေရန် ကုန်တင်ယာဉ်များကို မူလအတိုင်း မြန်မာယာဉ်မောင်းများဖြင့်သာ ပေးဝင်ရန်၊ နှစ်နိုင်ငံဝင်ပေါက်များကို ချဲ့ရန်၊ တရုတ်နိုင်ငံဘက်ခြမ်းရှိ လုပ်ဆောင်ရသော စစ်ဆေးမှုများကို အရှိန်လျှော့ချပေးရန်နှင့် မြန်မာဘက်ရှိ သက်ဆိုင်ရာဌာနများ၏ လုပ်ဆောင်မှုများ မြန်ဆန်စေရေး မလိုအပ်သည်များကို လျှော့ချစီစဉ်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ နှစ်နိုင်ငံ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးစေချင်ကြောင်း မူဆယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ထံက သိရသည်။

ငြိမ်းငြိမ်း



# ရခိုင်ပြည်နယ်ရှိ IDP စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ခေါင်းဒုက္ကာ၊ မော်သီညာ၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂) IDP စခန်း စုစုပေါင်း လေးခုသို့ သွားရောက်၍ ဆပ်ပြာ ၂၀၅၄၁ တောင့်တို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။ **(အပေါ်ပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

ယခုအခါ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ဇွန် ၃၀ ရက်အထိ တိုးမြှင့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ခရီးသွားတစ်ဦးလျှင် လက်မှတ်တစ်စောင်ရောင်းချပေးပြီး ထိုင်ခုံ နှစ်လုံး စီစဉ်ပေးမည်ဖြစ်ကာ အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်သူများသာ လက်မှတ်ရောင်းချသွားလာခွင့်ပြုမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအား နေရာခြားထိုင်နိုင်ရန် ရထားတွဲများအား တွဲကြီး ရှစ်တွဲ၊ တွဲသေး တစ်တွဲ၊ ပါဆယ် တစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ တိုးမြှင့်ချိတ်ဆွဲပြေးဆွဲကြောင်းနှင့် လက်မှတ်မရသော ပြည်သူများအား နောက်တစ်နေ့မှ သွားလာကြရန်၊ မဖြစ်မနေသွားလာရန် လိုအပ်သူများသာ ခရီးသွားကြရန် မေတ္တာရပ်ခံသော စာများချိတ်ဆွဲအသိပေးခြင်း၊ လူအများသွားလာထိတွေ့သော နေရာများအား ရထားဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးကြောင်းကို ကြံခင်းမြို့နယ် ရထားဘူတာရုံပိုင်ကြီး ဦးမောင်မောင်ဦး ထံက သိရသည်။

မိုးမိုး(ပြန်/ဆက်)

# ချောက်မြို့ World Vision Myanmar မှ လက်ဆေးကန်များ လှူဒါန်း

**ချောက် ဇွန် ၂၀**

ချောက်မြို့ World Vision Myanmar မှ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရန် အခြေခံပညာကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုးဖွင့်လှစ်ထားသည့် မူကြိုကျောင်းများသို့ လက်ဆေးကန် ၁၆၀ လှူဒါန်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းဝေးခန်းမ၌ ပြုလုပ်သည်။

ချောက်မြို့နယ် ဝေါလ်ဗီးရှင်းမြန်မာမှ မန်နေဂျာ ဒေါ်ခိုင်ခိုင်ထွန်းက ကျောင်းများ ပြန်ဖွင့်သည့်အခါ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျ လက်ဆေးခြင်း၊ လက်ဆေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရန်အတွက် ရည်ရွယ်၍ လက်ဆေးကန်များကို စီမံချက်ဧရိယာတွင်ရှိသော အခြေခံပညာကျောင်း ၃၀ နှင့် လူမှုဝန်ထမ်းဦးစီးဌာနက မှတ်ပုံတင် အသိအမှတ်ခွင့်ပြုရရှိထားသော ကိုယ့်အားကိုယ်ကိုးဖွင့်လှစ်ထားသည့် မူကြိုကျောင်း ၁၅ ကျောင်းတို့အတွက် လက်ဆေးကန် ၁၆၀ တို့ကို ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်
(ပြန်/ဆက်)

# ချင်းရွှေဟော်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ချင်းရွှေဟော် ဇွန် ၂၀**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့အတွင်း သွားလာနေကြသည့် အများပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဇွန်၁၉ ရက် နံနက်ပိုင်းက ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ထိုသို့ ဖြန့်ဝေဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ နှာခေါင်းစည်း အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များနှင့် စနစ်တကျ လက်ဆေးနည်းလမ်းများပါဝင်သည့် မြန်မာ-ကိုးကန့် နှစ်ဘာသာ အသိပညာပေး လက်ကမ်းစာစောင် ၁၀၀ နှင့် နှာခေါင်းစည်း ၁၀၀၀ တို့ကို ချင်းရွှေဟော်မြို့ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၊ ချင်းရွှေဟော်-လောက်ကိုင်လမ်းဆုံနေရာနှင့် ဈေးဆိုင်ခန်းများရှိ အများပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်
(ပြန်/ဆက်)



# ပန်နန်းဒင်မြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**ပန်နန်းဒင် ဇွန် ၂၀**

ကချင်ပြည်နယ် ပန်နန်းဒင်မြို့၌ ကိုဗစ်-၁၉ ရောဂါအသိပညာပေး လက်ကမ်းစာစောင်အတွဲ(၄)၊ အမှတ် (၅)ကို ဒုတိယအကြိမ်အဖြစ် ပန်နန်းဒင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့က ပန်နန်းဒင်မြို့ မြို့ပေါ်ရပ်ကွက်၊ ဌာနဆိုင်ရာနှင့် ကျေးလက်နေပြည်သူများ လက်ဝယ်အရောက် သွားရောက်ဖြန့်ဝေသည်။ **(အပေါ်ပုံ)**

ယင်းလက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ကို စနစ်တကျဆေးနည်းနှင့် ကိုဗစ်-၁၉ အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ အနုပညာရှင်များ၏ အသိပေးစကားသံများပါဝင်ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖုန်ကူးခွါမိုင်နှင့် ဝန်ထမ်းများက ပန်နန်းဒင်မြို့ မြို့ပေါ်ရပ်ကွက်ရှိ ဌာနဆိုင်ရာများ၊ ဈေးဆိုင်များ၊ လူနေအိမ်များနှင့် လူစည်ကားရာနေရာများသို့ ဒုတိယအကြိမ်အဖြစ် လက်ကမ်းစာစောင်များ ပြည်သူလက်ဝယ်အရောက် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နော်ယော်ဘော်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ



**စဉ့်ကိုင် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကန်ကြီးကျေးရွာနှင့် ကုန်းသာကျေးရွာများတွင် "ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၀၁၂၈ | ၂၈၇ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၉၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၆၇၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၇၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ရခိုင် | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၈၇ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကိုကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ ကျန်းမာရေးအခြေအနေတို့နှင့်လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## ၂၀-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၉၉၁၈၄ | ၉၅၆၀၇၇ | ၁၂၁၄၅၁ |
| ၂။ | ဘရာဇီး | ၁၀၃၈၅၆၈ | ၅၂၀၃၆၀ | ၄၉၀၉၀ |
| ၃။ | ရုရှား | ၅၇၆၉၅၂ | ၃၃၄၅၉၂ | ၈၀၀၂ |
| ၄။ | အိန္ဒိယ | ၄၀၀၅၆၆ | ၂၁၆၆၇၆ | ၁၃၀၃၀ |
| ၅။ | ဗြိတိန် | ၃၀၃၁၁၀ | စိစစ်ဆဲ | ၄၂၅၈၉ |
| ၆။ | စပိန် | ၂၉၂၆၅၅ | စိစစ်ဆဲ | ၂၈၃၁၅ |
| ၇။ | ပီရူး | ၂၄၇၉၂၅ | ၁၃၅၅၂၀ | ၇၆၆၀ |
| ၈။ | အီတလီ | ၂၃၈၀၁၁ | ၁၈၁၉၀၇ | ၃၄၅၆၁ |
| ၉။ | ချီလီ | ၂၃၁၃၉၃ | ၁၉၁၄၉၁ | ၄၀၉၃ |
| ၁၀။ | အီရန် | ၂၀၂၅၈၄ | ၁၆၁၃၈၄ | ၉၅၀၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၀၂၉ | ၁၇၈၈၃ | ၂၄၂၉ |
| စင်ကာပူ | ၄၁၈၃၃ | ၃၄၂၂၄ | ၂၆ |
| ဖိလစ်ပိုင် | ၂၉၄၀၀ | ၇၆၅၀ | ၁၁၅၀ |
| မလေးရှား | ၈၅၅၆ | ၈၁၄၆ | ၁၂၁ |
| ထိုင်း | ၃၁၄၇ | ၃၀၁၈ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၆ | ၀ |
| မြန်မာ | ၂၈၇ | ၁၉၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၆ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် ဇွန် ၂၀

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center ဖုန်းနံပါတ်– (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## မြဝတီချစ်ကြည်ရေး အမှတ်(၂)တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၅၀ ကျော် ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၂၀

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၅၇ ဦး ဇွန် ၂၀ ရက်က မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနက် ၁၂၃ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဗန်ကောက်မြို့ မော်ချစ်ကားဂိတ်မှ ကားခြောက်စီးဖြင့် ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး ကျန် ၅၃၄ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ဇွန် ၂၀ ရက်က ၆၅၇ ဦး ပြန်လည်ဝင်ရောက်ခဲ့သဖြင့် မေ ၁ ရက်မှစကာ ယနေ့အထိ စုစုပေါင်း ၃၁၃၇၈ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၇၃ ဦး၊ အမျိုးသမီး ၂၈၄ ဦး စုစုပေါင်း ၆၅၇ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများတို့ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၇ မြို့နယ်ရှိ နေရာ ၁၀၆ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၁ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၁ ကီလို ဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၅ ရက်ကလည်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၉ မြို့နယ်ရှိ နေရာ ၇၉ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၇ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၃၇ ကီလိုဂရမ်သုံးစွဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။




ဇွန် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်း COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ်ထားရှိသော မိုးကုတ်ဝိပဿနာတရားရိပ်သာတွင် COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ်ထားရှိသော ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။




ဇွန် ၁၅ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁)နယ်စပ်အဝင်အထွက်စခန်းအား COVID-19 ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းစဉ်။

## မန္တလေးတိုင်းဒေသကြီး၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၈၅ ခု ဆောင်ရွက်နိုင်ခဲ့

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း ဧရာဝတီမြစ်နှင့် အခြား မြစ်ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းပေါင်း ၈၅ ခု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်နှင့် အခြားမြစ်ချောင်းများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း ၂၀ ကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လကုန်ပိုင်းတွင် အားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

" ကမ်းပြိုမှုက ဧရာဝတီမြစ်ထဲမှာ အများဆုံးဖြစ်ပြီး ရေကြောင်းပြောင်းလဲတာကြောင့်ပါ။ ကမ်းပြိုရင် ဒေသခံတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေက ဌာနကို ဆက်သွယ်လာတဲ့အခါ ကွင်းဆင်းစစ်ဆေးပါတယ်။ ခွင့်ပြုလို့ ဘတ်ဂျက်ရရှိရင် ဆောင်ရွက်ပေးရတာပါ။ ဒီဇိုင်းကိုတော့ ရုံးချုပ်က ပညာရှင်အဖွဲ့ထံတင်ပြပြီး ချထားပေးတဲ့ဒီဇိုင်းနဲ့လုပ်တယ်"ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်မြင့်သန်းက ပြောကြားသည်။

ဘဏ္ဍာနှစ်များအလိုက် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၀ နှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း တစ်ခု၊ ၂၀၁၇-၂၀၁၈ တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၇ ခုနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း သုံးခု၊ ၂၀၁၈-၂၀၁၉ တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခုနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း လေးခု၊ ၂၀၁၉-၂၀၂၀ တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၀ နှင့် ရေလမ်းကောင်းမွန်ရေး လေးခုဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ငရုတ်မျိုးများ၏ ကြီးထွားမှုနှင့် အထွက်နှုန်းပေါ်မူတည်၍ အရည်အချင်းလက္ခဏာများအား လေ့လာခြင်းသုတေသနဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

ရမည်းသင်းမြို့နယ် စီပင်စိုက်ပျိုးရေး သုတေသနခြံ၌ ဒေသနှင့်သင့်လျော်သော အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးများ ရရှိရန်အတွက် ရည်ရွယ်၍ ငရုတ်မျိုးများ၏ ကြီးထွားမှုနှင့် အထွက်နှုန်းပေါ်မူတည်၍ အရည်အချင်း လက္ခဏာများအား လေ့လာခြင်းနှင့် ရွေးချယ်ခြင်း သုတေသနကို ၂၀၁၉- ၂၀၂၀ မိုးရာသီတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသုတေသနခြံမှ တာဝန်ခံ ဒေါ်ခင်ပပအေးက ပြောသည်။



စီပင်စိုက်ပျိုးရေးသုတေသနခြံ စမ်းသပ်ကွက်တွင် အထွက်နှုန်းကောင်းသည့် ငရုတ်မျိုးများ စိုက်ပျိုးနေစဉ်။

အဆိုပါ စမ်းသပ်ကွက်တွင် ငရုတ်မျိုး ၁၈ မျိုးကို ပျိုးထောင်ပြီး ၄၅ ရက်သားပြည့်သည့် ဇွန် ၁၇ ရက် တွင် ပင်ကြားတန်းကြား ( ၂ ဒသမ ၅ ပေ x ၃ပေ) အကွာအဝေးနှင့် ရိုးရိုးစမ်းသပ်ကွက်ပုံစံဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

ရမည်းသင်းမြို့နယ်သည် နှစ်စဉ် ငရုတ်စိုက်ပျိုးဧရိယာ ဧက ၃၆၀၀၀ ရှိပြီး ဒေသတွင်း စားသုံးမှုဖူလုံရန်နှင့် ဒေသခံတောင်သူများအနေဖြင့် အဓိက ဝင်ငွေရရှိရန်တို့အတွက် စိုက်ပျိုးခြင်းဖြစ်သောကြောင့် ဒေသ၏ ရေ၊ မြေ၊ ရာသီနှင့်ကိုက်ညီသော အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် မျိုးများကို ဖြန့်ဝေနိုင်ရေးအတွက် သုတေသနပြု ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယခုသုတေသနတွင် ငရုတ်မျိုး တစ်မျိုးချင်းစီအလိုက် ပင်ပိုင်းဆိုင်ရာ လက္ခဏာများအပါအဝင်၊ အထွက်နှုန်းနှင့် အထွက်နှုန်း မိတ်ဖက် (တစ်ပင်ပါသီးတောင့်၊ အသီးအလေးချိန်၊ အကွက်ငယ် အထွက်စသည်) တို့အား မှတ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

စီပင်စိုက်ပျိုးရေး သုတေသနခြံမှ ရေ၊ မြေ၊ ရာသီနှင့် လိုက်လျောညီထွေမှုရှိကာ အထွက်နှုန်းမြင့်သည့် ဈေးကွက်ဝင် ငရုတ်မျိုးများကို သုတေသနပြုကာ ငရုတ်မျိုးကောင်း မျိုးသန့်များကို တောင်သူများထံ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မေမိုးသဲ**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၆၀/၅၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၇၀/၅၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၀/၅၁၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၁၀ | ကျပ် | ၆၅၅/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၉ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၀၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၆၈၂ | ၁၈၅၀၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၂၄၅၀ | ၉၃၃၇၅၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁ | ၂၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၃၀၀၁ | ၈၄၀၂၈၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၃၀ | ၂၂၄၁၀၀၀ |

မြန်မာ့အလင်း


| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ခင်ရတနာ |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်း သတင်းထောက်များ** | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ဒီမှာ တစ်ကောင်တွေ့ ပြီဟေ့..
ဟိတ်..ကလေးတွေ..မိုးရွာထဲ ဘာထွက်လုပ်နေကြတာလဲ...
မိုးရွာထဲမှာ ဖားလိုက်ရိုက်နေကြတာပါ...
ဖားရိုက်ရတာ ပျော်စရာကြီးပဲ..ခုထိ တစ်ကောင်မှ မရသေးဘူး ဦးလေး..
မင်းတို့လိုက်ရိုက်နေတာ ဖားပြုပ်တွေ..သူများအသက်သတ်တာ ပျော်စရာ မဟုတ်ဘူး..
ဖားရှိတဲ့နေရာတွေမှာ မြွေလည်းရှိတတ်တယ်ကွ..မြွေက မင်းတို့အသက်ကို အန္တရာယ်ပေးလိမ့်မယ်..
မြွာ..
ခုလို မိုးဦး လေဦး ချိန်ခါမှာ မိုးကြိုး တွေပစ်ချတတ်လို့ မိုးရွာတဲ့ အချိန် အိမ်ထဲက အိမ်ပြင်မထွက် တာအကောင်းဆုံးပဲ
ဟာ.. ဟုတ်လား..
လက်ထဲက တုတ်တွေချပြီး ကိုယ့်အိမ် ကိုယ်ပြန်ကြ..အိမ်ထဲက အိမ်ပြင်မထွက် နဲ့နော်..သွားကြ
ဟုတ်ကဲ့..


အဟွတ်.. အဟွတ်
အဟွတ်..အဟွတ် ချောင်းတွေလည်း ဆိုးတယ်..
လည်ချောင်းတွေလည်း နာတယ်..
ကိုယ်ကလည်း ပူချင်နေတယ်..
ဘုရား..ဘုရား အခုဖြစ်နေတဲ့..ကိုဗစ်နိုင်တင်းများ ဖြစ်နေပြီလား မသိဘူး..
အကုန်ပါပဲ.. အမေရေ ကယ်ပါဦးဟ..
ထို့နောက်
ရိုးရိုး ဖျားတာပါ..
သောက်ဆေးပေးလိုက်မယ် သက်သာသွားပါလိမ့်မယ်
စိတ်မပူနဲ့..
တော်ပါသေးရဲ့. ဟူး


ဆေးလိပ်အနံ့တွေ-
ပတ်ဝန်းကျင်ကို ဒုက္ခပေးတဲ့ ဆိုးဝါးတဲ့ အနံ့တွေပေါ့-
ဟိုဘက်ဝိုင်းကို ပြောင်းကြရအောင်-
TEA
အဲ- ဘာနံ့လဲ-
မုန့်ဟင်းခါးဟင်းရည်နံ့လေး- မွှေးလိုက်တာ-
အိုး-ကဲ ဦးနိ့ မုန့်တစ်ပွဲ-
အီကြာကွေး- စမူဆာ- ပဲနံပြား စားပြီးတာတောင် ထပ်စားဦးမယ် ဆိုတော့-
ပတ်ဝန်းကျင်ကို အကျိုးပေးတဲ့- ထူးခြားတဲ့ ရနံ့ ကြောင့်ပေါ့ရှေး-
အဲ့ဒါ- ဝါးတီးဆွဲစေတဲ့ ရနံ့ ဟေ့-


ဖေ့လားသား… ဘိုးဘိုးက အပြင်ထွက်ရင် မတ်စ်ကိုတပ်ပြီးမှ အပြင်ထွက်တာ-
ဘိုးဘိုးက ကျန်းမာရေး ညွှန်ကြားချက်ကို လိုက်နာတယ်-
ကျန်းမာရေးကြိုတင် ကာကွယ်မှုအတွက် ဘိုးဘိုးကို အတုယူရမယ်နော်-
ဘိုးဘိုး ပြောတာတော့ တခြားအကြောင်း ရှိသေးတယ်-
ဘိုးဘိုးက ဘာပြောလို့လဲ သားရဲ့
“မတ်စ်တပ်ရတာ ဟန်ကျတယ်ကွ”တဲ့. ငါ့အံ့ သွားအတု တပ်စရာ မလိုတော့ဘူးတဲ့.//


အမယ်၊ ဝတ်ကောင်းစားလှ တွေနဲ့…
ဘယ်အလှူ ဘယ်ပွဲက ပြန်လာကြတာလဲ၊
ဘယ်ကမှ မပြန်ပါဘူး…
ဆရာကိုပေါက်က အကောင်းတွေ မသိမ်းထားကြနဲ့ ထုတ်သုံး ဆိုလို့ ချဝတ်လာတာ…
ဟယ်၊ အံ့ဩပါ့၊ အဝတ်အစားကို အဓိက ပြောတာ မဟုတ်ဘူးကွ၊
ကောင်းတဲ့ အမူအကျင့်၊ အပြောအဆို၊ စိတ်ဓာတ်တွေကို သိမ်းမထားဘဲ ထုတ်သုံးဖို့ ပြောတာ…
ဥပမာ အမေက ပရုတ်ဆီဘူး ယူ ခိုင်းရင် အဆော့မက်ပြီး ခြေဆောင့် နှုတ်ခမ်းစူမယ့်အစား သမီး လိမ်း ပေးမယ်လို့ အပြေးပြောရမှာ…
မုန့်ကို ကိုက်ဖဲ့မစားဘဲ လာပေါ့ သူငယ်ချင်း ဒါ မုန့်ဝယ်ကျွေးမယ်လို့ ခေါ်ရမှာ၊
အမယ် တယ်တတ်၊


ကာတွန်း
ကိုဗစ်ကာလကြီးက ပျင်းစရာ ကောင်းလိုက်တာကွာ…
ဟာ.. ပီကောရေ ဒီမှာလည်း ဘယ်သူမှ မရှိပါလား
ဟော့..ဟော့ လူသားတွေ အနား မကပ်နဲ့ MASK လဲမပါဘူး
ဟင်.. ဒီမှာက ဘာဗိုင်းရပ်(စ်) ရှိလို့ ကြောက်နေကြတာတုန်း
အား မရှိလို့ မင်းတို့ဆီက ကူးမှာ ကြောက်နေရတာပေါ့.. သွားသွား မြန်မြန်ပြန်ကြ…
မှားပါတယ်ဗျာ..

# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/8218 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/1143 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅၄/ဘီအိုစီရပ်)၊ ဦးပိုင်အမှတ်(၆၁/၂၄၉)၊ရေိယာ ၀ ဒသမ ၁၈၂ ဧကရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟိုဌာနချုပ်)အမည်ပေါက် မြေငှားဂရန်မှာပျောက်ဆုံးသွားပါသဖြင့်မိတ္တူထုတ်ပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြေညာသည့်ရက်မှ စ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(မိတ္တူ) ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဆဆ-၄)၊ ဦးပိုင်(၈၈)နေ ဦးသန်းထွန်း (ဘ)ဦးထွန်းရီ (LWE-၁၁၀၁၇၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။




**ကုန်အမှတ်တံဆိပ်အဟောင်း**
**မှတ်ပုံတင်အမှတ်(၄၁/၂၀၁၀)**




**ကုန်အမှတ်တံဆိပ်အသစ်**
**မှတ်ပုံတင်အမှတ်(၂၃၀၉/၂၀၁၄)**

၂။ အထက်ဖော်ပြပါ ဝမ်းလက်စ် Wormless တိရစ္ဆာန်သံချအားတိုးဆေးအမည်ဖြင့် ကျွန်ုပ်၏မိတ်ဆွေက တိရစ္ဆာန်သံချအားတိုးဆေးများကို မန္တလေးမြို့စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၄၁/၂၀၁၀)ဖြင့်လည်းကောင်း၊ (၂၃၀၉/၂၀၁၄)ဖြင့်လည်းကောင်း၊ တစ်ဦးတည်းမူပိုင်အမည်စာတမ်း၊ အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်သွင်း၍ ကျွန်ုပ်မိတ်ဆွေ၏ BORN တိရစ္ဆာန်ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး တောရောမြို့ပါမကျန် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

၃။ ယခုအခါကျွန်ုပ်မိတ်ဆွေ၏ ဝမ်းလက်စ် Wormless တိရစ္ဆာန်သံချအားတိုးဆေး၏ အမည်ကောင်းသတင်း၊ ထင်ရှားကျော်ကြားမှုကိုတုပပြီး ပုံမှားရိုက်၍လည်းကောင်း၊ လူမှုကွန်ရက် Online, Social Media များတွင် ကြော်ငြာ၍လည်းကောင်း ဖြန့်ဖြူးရောင်းချနေကြောင်းကို တွေ့မြင်ကြားသိနေရပါသည်။

၄။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ မူပိုင်အမည်စာတမ်းအမှတ်ဖြစ်သော အထက်ဖော်ပြပါ ဝမ်းလက်စ် Wormless တိရစ္ဆာန်သံချအားတိုးဆေးအမည်စာတမ်းအမှတ်တံဆိပ်များကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးဖြစ်စေ ဆင်တူယိုးမှားထင်ယောင်ထင်မှား တုပသုံးစွဲ၍ရောင်းချခြင်း မပြုလုပ်ကြပါရန် အသိပေးတားမြစ်လိုက်ပါသည်။

၅။ ထို့ကြောင့် ဤကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေမူပိုင် "ဝမ်းလက်စ် Wormless" အမည်စာတမ်းများဖြင့် တိရစ္ဆာန်သံချအားတိုးဆေး ဖြန့်ဖြူးရောင်းချလုပ်ကိုင်နေခြင်းကို ရပ်ဆိုင်းဖျက်သိမ်းပေးပါရန်နှင့် ယင်းအမည်စာတမ်းကို ဆက်လက်သုံးစွဲမည်ဆိုပါက ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးသန်းထွန်း(ဘ)ဦးထွန်းရီ**
**(LWE-၁၁၀၁၇၃)**
**အကွက်(ဆဆ-၄)၊ ဦးပိုင်(၈၈)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

**လွှဲအပ်ချက်အရ-**
**ဒေါ်ဖြူဖွေးသန့်(LL.B)(စဉ်-၅၁၂၅၀)**
**အထက်တန်းရှေ့နေ**
**လမ်း၃၀x၆၈လမ်းထောင့်၊ ရုံးပေါင်းစုဝင်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၉၈၅၉၉၆၄၉**

## ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့
## Yangon Region Transport Authority
## ဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၌ အောက်ဖော်ပြပါရာထူးနေရာများလစ်လပ်လျက်ရှိပါသည်-

(က) စာရင်းကိုင်ချုပ် (Chief Accountant) — လစ်လပ် (၁)နေရာ

(ခ) ဥပဒေအကြံပေးအရာရှိ — လစ်လပ် (၁)နေရာ

၂။ စာရင်းကိုင်ချုပ် (Chief Accountant) ရာထူးလျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၇-၂၀၂၀ရက်တွင် အသက် (၄၀နှစ်နှင့် အထက်ရှိသူများကိုသာ ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

(ဂ) Chief Accountant သို့မဟုတ် အလားတူရာထူးဖြင့် လုပ်သက်အနည်းဆုံး (၅)နှစ်ရှိသူဖြစ်ရမည်။

(ဃ) ပညာအရည်အချင်းသတ်မှတ်ချက်-

(၁) သက်ဆိုင်ရာစီးပွားရေးတက္ကသိုလ်မှ B.com, B.Act, B.Ecom (Eco), B.Econs (stats) နှင့် အလားတူဘွဲ့များရရှိထားသူ

(၂) လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) လက်မှတ်ရရှိထားသူအား ဦးစားပေးခန့်ထားမည် ဖြစ်ပါသည်။

(၃) Microsoft Office Software များ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရပါမည်။

(င) ထမ်းဆောင်ရမည့်တာဝန်များ-

(၁) YRTA ၏ ရသုံးငွေစာရင်းကိစ္စအဝဝအား တာဝန်ခံဆောင်ရွက်ခြင်း

(၂) YRTA ၏ Cash Flow အား စီမံခန့်ခွဲခြင်း

(၃) လချုပ်စာရင်း၊ နှစ်ချုပ်စာရင်းများ ရေးဆွဲတင်ပြခြင်း

(၄) ဘဏ္ဍာရေးဌာနအား ဦးဆောင်နိုင်ပြီး လက်ထောက်ဝန်ထမ်းများအား လက်တွဲသင်ပြနိုင်သူ၊ ဌာနအတွင်း သက်ဆိုင်ရာ ရာထူးတာဝန်များအား ခွဲဝေပေးအပ်နိုင်သူဖြစ်ရမည်။

၃။ ဥပဒေအကြံပေးအရာရှိ ရာထူးလျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဥပဒေနှင့်သက်ဆိုင်သောဌာနများတွင် လုပ်သက်အနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည်။

(ဂ) ၃၁-၇-၂၀၂၀ရက်တွင် အသက် (၄၅)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။

(ဃ) ပညာအရည်အချင်းသတ်မှတ်ချက်-

(၁) သက်ဆိုင်ရာတက္ကသိုလ်တစ်ခုခုမှ LLB, LL.M, BA (LLB) နှင့် အလားတူဘွဲ့များရရှိထားသူဖြစ်ရမည်။

(၂) လုပ်ငန်းအတွေ့အကြုံများသူကို ဦးစားပေးမည်။

(င) ထမ်းဆောင်ရမည့်တာဝန်များ-

(၁) YRTA နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များတွင် ဥပဒေ စည်းမျဉ်းများနှင့်ညီညွတ်မှုရှိမရှိ အကြံပေးဆောင်ရွက်ခြင်း

(၂) YRTA ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း

၄။ လျှောက်ထားရမည့်နည်းလမ်း-

(က) မျှော်မှန်းလစာပါဝင်သော ကိုယ်ရေးရာဇဝင်အကျဉ်း (CV from) နှင့်တကွ

(၁) တစ်လအတွင်း ရိုက်ကူးထားသော ၁"x၁.၂၅" အရွယ်ပတ်စပို့ ဓာတ်ပုံ

(၂) နိုင်ငံသားစိစစ်ရေးကတ်

(၃) သန်းခေါင်စာရင်း

(၄) အခြေခံပညာအထက်တန်းအောင် လက်မှတ်နှင့် ရရှိထားသည့်ဘွဲ့ လက်မှတ်များအား PDF File Format ပူးတွဲလျက် စာရင်းကိုင်ချုပ်ရာထူးအတွက် Application for Chief Accountant Position ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဥပဒေအကြံပေးအရာရှိ ရာထူးအတွက် Application for law Adviser position ခေါင်းစဉ်ဖြင့်လည်း ကောင်း pr@yrta.gov.mm Email (သို့) ၃၁-၇-၂၀၂၀ရက် (သောကြာနေ့)အရောက် နောက်ဆုံးထားပေးပို့လျှောက်ထားရန်ဖြစ်ပါ သည်။

(ခ) လူတွေ့ခေါ်ယူစစ်ဆေးပါမည်။

၅။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အမှတ် (၂၆၅)၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ် (စူပါဝမ်း)အနီးတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ရာထူးအားလုံး အတွက်နေ ထိုင်ရန်အဆောင်မရှိပါ။

၆။ ဖော်ပြပါရာထူးများနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၄၀၀၀၁၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1582 Mitsubishi Canter FE53 EC ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင် ၁၄/မမက(နိုင်)၁၄၀၂၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ရွာသာကြီး)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ယုဇနရပ်ကွက်၊ကွင်းအမှတ်(၁၆က/၈)၊ဦးပိုင်အမှတ်(၈၅)၊မြေဧရိယာ ၀ဒသမ ၀၇၇ ဧကရှိ မြေကွက်ကို ဦးဘောက်နော်အမည်ဖြင့် ၆-၅-၂၀၁၄ ရက်ထိ (၁၅) နှစ် ဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၁၂-၁၂-၂၀၀၇ ရက်တွင် ဦးဘောက်နော်ထံမှ ဒေါ်စန်းစန်းနုကလည်းကောင်း၊၃၀-၉-၂၀၁၁ ရက်တွင် ဒေါ်စန်းစန်းနုထံမှ ဦးအောင်မြင့်ကလည်းကောင်း နှစ်ဦးသဘောတူအိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးအောင်မြင့် ၁/မကန(နိုင်)၂၀၄၆၇၃ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၃၀-၇-၂၀၁၉ ရက်စွဲပါကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ်(၅၃၈/၂၀၁၉)ကို ၁၄-၈-၂၀၁၉ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၆၀၆/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ MIP/AWPT/HPT/MITT ဆိပ်ကမ်းတို့တွင် ထိန်းသိမ်းထားရှိသော (၁)နှစ်ကျော်ကြာသည်အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် ကုန်သေတ္တာများနှင့် ကုန်ပိုင်ရှင်မှ စွန့်လွှတ်ထားသော ကုန်သေတ္တာများအတွင်းမှ ဆေးဝါးများ၊ အဝတ်ဖြတ်စများ၊ ပလတ်စတစ်အိတ်အဟောင်း၊ ပီနံအိတ်ခွံအဟောင်းများ၊ သားရေချုပ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စသည့်ကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၂၃-၇-၂၀၂၀ ရက် ၁၃:၀၀နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ်လမ်း၊Toll Gate အနီး)ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့တွင် ၂၅-၆-၂၀၂၀ ရက်မှ ၂၂-၇-၂၀၂၀ ရက်အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၈/၂၀၁၉-၂၀၂၀ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ (၁၅၆၄.၂၅၂၃)ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$)ဖြင့်အိတ်ဖွင့်လေလံကို Online စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၇-၇-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်(စျ)၊ လူနေရပ်ကွက်(စျ)၊မြေကွက်အမှတ်(၈၄၅/ခ)၊အကျယ်အဝန်း ၀ ဒသမ ၀၃၂ ဧက၊၂၇ပေ/၂၀ပေ x ၆၀ပေ/၆၂ ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၄၅/ခ)၊ ခေမာသီလမ်း၊ (စျ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဒေါ်အေးရွှေ ၁၂/ဥကမ(နိုင်)၁၀၄၈၈၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်းကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကအရောင်းအဝယ်အားအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**'လင်း'အိမ်၊ခြံ၊မြေ၊တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊မြေညီ၊ဗျိုင်းရေအိုးစင်လမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊၀၉-၅၁၁၅၉၉၀၊၀၉-၅၁၈၃၅၆၉၊၀၉-၂၅၄၂၇၈၃၃၆**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်(၂)ဟုခေါ်တွင်သော နှစ်ခန်းတွဲငါးထပ်တိုက်၏ ပထမထပ်၊ တိုက်ရှေ့မျက်နှာမူလျှာ(ဝဲ-ဘက်)၊ အကျယ်အဝန်း(၁၅ပေx၆၀ပေ)ရှိတိုက်ခန်းနှင့် ကြိုးဖုန်း(၀၁-၅၅၆၉၂၁) အပါအဝင်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေး ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာဖြစ်သည့် တိုက်ခန်းအား အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်သန်းသန်း ၁၂/ဥကတ(နိုင်)၀၂၉၇၄၀ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**"လင်း"အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲရှစ်ထပ်တိုက် အဆောက်အအုံ၏ ၃လွှာ(ဒုတိယထပ်)၊ တိုက်ရှေ့မျက်နှာမူလျှာ(ဝဲဘက်)၊ (၁၅ပေx၆၀ပေ)ရှိတိုက်ခန်းကို ၁-၁၂-၂၀၀၃ရက်စွဲပါ တိုက်ခန်းများလွှဲပြောင်းပေးအပ်သည့် စာချုပ်အမည်ပေါက်ကွယ်လွန်သူ(ဒေါ်မြင့်မြင့်သန်း)၏သားများဖြစ်သော (၁)ဦးထိန်အောင်လင်း ၁၂/တမန(နိုင်)၀၀၅၀၈၃ (၂) ဦးဆန်းလွင် ၁၂/တမန(နိုင်)၀၁၂၇၃၃ (၃)ဦးကျော်ဇော ၁၂/တမန(နိုင်)၀၁၂၇၁၂ တို့က မိမိတို့ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ၎င်းတို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားအပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး (ခ) LE AH HAUNG

## အသက် (၆၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ပေါ်ဓိရိပ်သာလမ်း၊ အိမ်အမှတ်(၈)နေ Htoo Group of Companies ၏ ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု ၏ ဇနီးဖြစ်သူ ဒေါ်အေးအေး (ခ) LE AH HAUNG သည် ၂၀-၆-၂၀၂၀ ရက် (စနေနေ့) နံနက် ၈း၃၀ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ကွယ်လွန်သူ ဒေါ်အေးအေး (ခ) LE AH HAUNG ကောင်းရာ သုဂတိသို့ ရောက်ရှိပါစေကြောင်း ဦးတေဇ နှင့် မိသားစုမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဦးတေဇ+ဒေါ်သီတာဇော်
ဦးပြည့်ဖြိုးတေဇ+မသက်နှင်းလှိုင်
ဦးထူးထက်တေဇ၊ မထူးထွေးတေဇ
မိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး (ခ) LE AH HAUNG

## အသက် (၆၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အိမ်အမှတ်(၈)နေ Htoo Group of Companies ၏ ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု ၏ ဇနီးဖြစ်သူ ဒေါ်အေးအေး (ခ) LE AH HAUNG သည် ၂၀-၆-၂၀၂၀ ရက် (စနေနေ့) နံနက် ၈း၃၀ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ကွယ်လွန်သူ ဒေါ်အေးအေး (ခ) LE AH HAUNG ကောင်းရာ သုဂတိသို့ ရောက်ရှိပါစေကြောင်း ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ နှင့် Unit အသီးသီးမှ ဝန်ထမ်းမိသားစုများမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးတေဇ (ဥက္ကဋ္ဌ) နှင့် ဝန်ထမ်းမိသားစု**

**Htoo Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး(ခ)LE AH HAUNG

### အသက် (၆၄)နှစ်

Htoo Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ) ဦးလုလု၏ဇနီးဖြစ်သူ(ဒေါ်အေးအေး@LE AH HAUNG) အသက် (၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် မြကန်သာ အုန်း မြန်မာထမင်းဆိုင်မိသားစုများမှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြကန်သာ အုန်း မြန်မာထမင်းဆိုင်

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး(ခ)LE AH HAUNG

### အသက် (၆၄)နှစ်

Htoo Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ) ဦးလုလု၏ဇနီးဖြစ်သူ (ဒေါ်အေးအေး@LE AH HAUNG) အသက် (၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Mingalardon Cargo Services

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး(ခ)LE AH HAUNG

### အသက် (၆၄)နှစ်

Htoo Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီးဖြစ်သူ (ဒေါ်အေးအေး@LE AH HAUNG) အသက် (၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် Yangon Airport Group (YAG) မိသားစုများမှ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားအပ်ပါသည်။

Yangon Airport Group

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး(ခ)လီအဟောင်

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဇောခိရိပ်သာလမ်း၊ အမှတ် ၈နေ ဦးဇော်မင်း(ခ)လုလု၏ ဇနီးသည် ၂၀-၆-၂၀၂၀ရက်တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Zuri Beer Pub

သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5497 Toyota Land Cruiser UZJ 100 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းရွှေ ၁၂/လမန(နိုင်)၀၅၀၄၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး @ Le Ah Haung

### အသက်(၆၄)နှစ်

Htoo Group of Companies ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်း(ခ) ဦးလုလု၏ ဇနီး၊ ဒေါ်အေးအေး@ Le Ah Haung၊ အသက် (၆၄)နှစ်သည် ၂၀. ၆. ၂၀၂၀ရက်၊ စနေနေ့ နံနက်(၈:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးမိသားစု

နာယက

KBZ Bank Ltd.

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး @ Le Ah Haung

### အသက်(၆၄)နှစ်

Htoo Group of Companies ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်း(ခ) ဦးလုလု၏ ဇနီး၊ ကိုချမ်းငြိမ်းဇော်+မအိအိသွယ်၊ မပိုးသဲ+ကိုကျော်ထွန်းဝင်း၊ မအိသဲ တို့၏ ချစ်လှစွာသောမိခင်၊ Dayton နှင့် Zella တို့၏ အဘွားဖြစ်သူ ဒေါ်အေးအေး@ Le Ah Haung၊ အသက်(၆၄) နှစ်သည် ၂၀. ၆. ၂၀၂၀ရက်၊ စနေနေ့ နံနက်(၈:၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နန်းလိုင်းခမ်း၊ နန်းခမ်းနောင့်၊ နန်းမိုဟွမ်၊ မြမာလာဟန်၊ ထက်မြတ်ဟန်၊ လင်းလက်ဝင်း၊ မြတ်စု၊ ကလျာဇော်၊ နန်းပီတိအောင်၊ ပြည့်စုံဝင်းနိုင်၊ ဝေဘုန်း။**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း၏ဇနီးဖြစ်သူ ဒေါ်အေးအေး အသက် (၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သော

ကုမ္ပဏီလီမိတက်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ အမှတ် (၅၉)၊ ၃-လွှာ(မျက်နှာ မူလျှင်-ညာ)နေ ဒေါ်လှလှသိန်း ၁၂/မဂတ(နိုင်)၀၆၆၂၀၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ အမှတ် (၅၉)၊ ၃-လွှာ(မျက်နှာ မူလျှင်- ညာ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်လှလှသိန်း တစ်ဦးတည်း တရားဝင်အမည်ပေါက်ပိုင် ဆိုင်လက်ရှိ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ရတနာလှိုင်

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၆၄/၁၃-၁၁-၂၀၁၈)

အမှတ် ၄၄၊ ၁၂၂လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊

ဖုန်း-၀၉- ၄၄၃၀၄၃၉၅၅၊ ၀၉- ၉၆၅၀၄၃၉၅၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် ၁၆၅၃၊ မြေတိုင်းရပ်ကွက် ၄၁၊ ကြာနီလမ်း နှင့် မဥ္ဇူသကလမ်းထောင့်၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက၊ ပေ (၄၀x၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာသူ ဒေါ်သီတာဖြိုး ၁၄/လလန(နိုင်)၀၄၈၈၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းမော် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၉၅/၁၆)

အမှတ် (၇၃၇/၇၄၁)၊ အခန်း-၀၀၅၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊

တာမွေမြို့နယ်၊ ဖုန်း-၀၉-၂၅၀၄၉၃၃၆၀၊ ၀၉-၇၈၁၉၈၇၈၃၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9616 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9199 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး

(ရန်ကုန်အရှေ့ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/4503 KMT LIGHT TRUCK Pickup ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဝင်း ၇/ပမန(နိုင်)၁၁၃၈၈၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

# ဗြိတိန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတကာကုန်သွယ်သင်္ဘောများ၊ အပျော်စီးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသင်္ဘောသားများသည် ကိုဗစ် - ၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအစီအမံများကြောင့် တာဝန်မှရပ်စဲခံရခြင်း၊ ဆိပ်ကမ်းကပ်ရာနိုင်ငံများ၌ Lock Down နှင့် ကြုံတွေ့ရခြင်း၊ ပြည်ဝင်ခွင့်မရခြင်း၊ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ယာယီရပ်ဆိုင်းခြင်းနှင့်အတူ ရောက်ရှိရာနေရာဒေသများတွင် အခက်အခဲကြုံတွေ့နေရခြင်း၊ လူစားလဲလှယ် (Crew change) ပြုလုပ်ရန် အခက်အခဲများရှိခြင်းတို့ကြောင့် သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ မြန်မာသံရုံးများ၏ အစီအစဉ်ဖြင့် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြလျက် ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည်။

ယနေ့တွင် ဗြိတိန်နိုင်ငံရှိ ဆိပ်ကမ်းများနှင့် ပနားမားတွင် ကျောက်ချရပ်နားထားသည့် Global Cruise Line၊ Royal Caribbean Cruise Line ၊ Carnival cruise Line စသည့်ကုမ္ပဏီများပိုင် အပျော်စီးသင်္ဘောများပေါ်မှ မြန်မာသင်္ဘောအမှုထမ်း ၂၄၉ ဦးနှင့် ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေသည့် သံဃာတော် တစ်ပါး၊ စုစုပေါင်း မြန်မာနိုင်ငံသား ၂၅၀ တို့အား သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ကာတာလေကြောင်းလိုင်း (Qatar Airways) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး လန်ဒန်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့ သည် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❐


စပါးနှင့် မန်ယူ အနိုင်အရှုံးအဖြေမပေါ်သည့် ပရီမီယာလိဂ် ပွဲစဉ် (၃၀) — စာ - ၁၁

ဂျပန်နိုင်ငံတွင် နိုင်ငံအတွင်း ခရီးသွားလာခွင့်ပြု — စာ - ၁၂

အီးယူရဲ့စီးပွားရေးပြန်လည်ဦးမော့လာစေဖို့ ကယ်ဆယ်ရေးအစီအစဉ် ဆွေးနွေးအဖြေရှာကြပြီ — စာ - ၁၄

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ — စာ - ၁၅


# ကြံခင်း – ဟင်္သာတ – ပုသိမ် လမ်းပိုင်း၌ ၁၈၅ အဆန်နှင့် ၁၈၆ အစုန် ပြေးဆွဲခြင်းကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်

**ကြံခင်း ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် အမှတ်(၉) တိုင်းနယ်မြေအတွင်း ကြံခင်း –ဟင်္သာတ –ပုသိမ်လမ်းပိုင်း၌ ၁၈၅ အဆန်နှင့် ၁၈၆ အစုန် ပြေးဆွဲခြင်းကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်ပြေးဆွဲမည်ဖြစ်သည်။

အဆိုပါ ပြေးဆွဲမှုသည် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ရထားပြေးဆွဲရေး လုပ်ငန်းများ ထိန်းချုပ်ကွပ်ကဲလျက်ရှိကြောင်း၊ အမှတ်(၉) တိုင်းနယ်မြေအတွင်း ကြံခင်း – ဟင်္သာတ – ပုသိမ် လမ်းပိုင်း၌ ၁၈၅ အဆန်နှင့် ၁၈၆ အစုန်ပြေးဆွဲခြင်းကို ယခင်က ဇွန် ၁၅ ရက်အထိ သတ်မှတ်ပေးခဲ့သော်လည်း

*စာမျက်နှာ ၁၆ ကော်လံ ၄* ◆






# အာဆင်နယ်တွင် စာချုပ်သက်တမ်းကုန်သည်အထိ အိုဇေးလ် ရှိနေမည်

အာဆင်နယ်အသင်းသည် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေးထိခိုက်နေသည့်အသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်သောကြောင့် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား မီဆွပ် အိုဇေးလ်ကို ရောင်းထုတ်သွားရန် ချိန်ရွယ်နေသော်လည်း အိုဇေးလ်အနေဖြင့် အာဆင်နယ်အသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိနေရန် စိတ်ပိုင်းဖြတ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဆင်နယ်အသင်းသည် ကစားသမားအသစ်များအားခေါ်ယူပြီး အသင်းကို ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်နေလိုသော်လည်း အသင်းဘဏ္ဍာရေးအခြေအနေကြောင့် အခက်တွေ့နေကြောင်း သိရသည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ကစားသမားအသစ်များခေါ်ယူရေးအတွက် ရန်ပုံငွေမြှင့်တင်ရန်အလို့ငှာ အသင်းမှ ကွင်းလယ်ကစားသမား အိုဇေးလ်ကို ရောင်းထုတ်လိုနေခြင်းဖြစ်သည်။ ၎င်း အာဆင်နယ်အသင်းတွင်ရရှိနေသည့် တစ်ပတ်လုပ်ခ ပမာဏမှာ ပေါင် ၃၅၀၀၀၀ ရှိနေသည်။ လုပ်ခလစာမြင့်မားနေသည့်အတွက် ပြီးခဲ့သည့်နွေရာသီကလည်း ကစားသမားသစ်များခေါ်ယူရေး ရန်ပုံငွေမြှင့်တင်ရန်အလို့ငှာ အိုဇေးလ်ကို ရောင်းထုတ်ရန် ဆန္ဒရှိခဲ့ပြီး မည်သည့်အသင်းကမှ အဆိုပါကစားသမား၏ မြင့်မားသော လုပ်ခလစာကို ပေးချေလိုခြင်းမရှိသောကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❄

MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
Create your world with MTB
Promotion ကာလ
ဇွန်လ (၁)ရက်မှ ဩဂုတ်လ (၃၁)ရက်
Customer Service Phone
09 - 682 682 682
1 Anniversary Year
Promotion Interest Rate
ရက်(၉၀) Fixed Deposit Account
၈.၅% p.a
Terms & Conditions Apply